http://www.ammadownload.comdh

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၆)

# တရားထူးရနိုင်သူ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.ammadownload.comdh

ဇမ္ဗဒါနကာသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.ammadownload.comdh

## ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# တရားထူးရနိုင်သူ

http://www.ammadownload.comdh

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**တရားစာအုပ်များကို**

**ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်**

http://www.ammadownload.comdh

# တရားထူးရနိုင်သူ

## မှတ်တမ်း

သာသာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက်၊ ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ လသာအောက်လမ်း၌ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ အထူးတရားပွဲအဖြစ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် ဟောကြား အပ်သော **"တရားထူး ရနိုင်သူ"** တရားဒေသနာတော်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ တရားထူး တရားမြတ်ရဖို့ ဆုပန်လေ့ရှိကြတယ်။ ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါကာလတုန်းက မြတ်စွာဘုရား ဟောကြားတဲ့ တရားဓမ္မကို နာယူရင်း တရားထူး ရသွား ကြတဲ့ ပုဂ္ဂိုလ်တွေ မြောက်မြားစွာရှိတယ်။ ဂါထာလေး တစ်ပုဒ် ကြားနာလိုက်ရတာနဲ့ တရားထူး ရရှိသွားကြတဲ့

http://www.ammadownload.comdh



ပုဂ္ဂိုလ်တွေရှိသလို ဂါထာတစ်ပုဒ် မဆုံးခင်ဘဲ တရားထူး ရသွားကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိကြတယ်ပေါ့။

ထိုပုဂ္ဂိုလ်တွေဟာ ဘယ်လို အခြေအနေကောင်း တွေရှိလို့ တရားထူးရကြသလဲ? ဒီကနေ့ည ဆန်းစစ်ပြီး ကြည့်ကြမယ်။ တို့တစ်တွေမှာရော အဲဒီလို အခြေအနေ ကောင်းတွေ ရှိကြရဲ့လား။ ရှိရင် ဒို့တစ်တွေလည်း တရားထူးတွေ ရနိုင်တယ်လို့ဆိုတာ ယုံမှားသံသယရှိဖို့ မလိုဘူး။

တရားထူးလို့ မြန်မာစာပေမှာ ဆိုထားတဲ့ တရား ဟာ ဘာကိုရည်ညွှန်းတာတုန်းဆိုရင် မဂ်တရား ဖိုလ် တရားကို ရည်ညွှန်းတာ။ ထို မဂ်တရား ဖိုလ်တရား ရသွားလို့ရှိရင် မဂ်ဖိုလ်ရဲ့အာရုံဖြစ်တဲ့ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်သွားတာ။ အဲဒါကို အမိကထားပြီး တရားထူးလို့ ခေါ်တာဖြစ်တယ်။

စာပေကျမ်းဂန်နဲ့ ပြောမယ်ဆိုလို့ရှိရင် **"သမ္မတ္တ–နိယာမ"** တဲ့။ နိယာမ (၅)မျိုးဆိုတာ ကြားဖူးကြပါ လိမ့်မယ်။ အဲဒီနိယာမ(၅)မျိုးထဲမှာ မပါဘူး။ နိယာမ

http://www.ammadownload.comdh



(၅)မျိုးဆိုတာ "**ကမ္မနိယာမ**" ကံက အကျိုးပေးနိုင်တဲ့ သတ်မှတ်ထားတဲ့ မြဲတဲ့အရာ တစ်ခု။ "**စိတ္တနိယာမ**" အမြဲဖြစ်လေ့ရှိတဲ့ စိတ်ရဲ့ဖြစ်စဉ်ကြီးတစ်ခု။ "**ဥတုနိယာမ**" ပြောင်းလဲပြီးတော့ ဖြစ်ပေါ်နေတဲ့ ဥတုရဲ့ ဖြစ်ပေါ်မှု တစ်ခု။ "**ဗီဇနိယာမ**" မျိုးစေ့တွေဟာ တစ်ခုနဲ့ တစ်ခု မတူညီဘူး။ ဆိုင်ရာ ဆိုင်ရာ မျိုးစေ့အတိုင်း ဆိုင်ရာ ဆိုင်ရာ အသီးအပွင့်များကို ဖြစ်ပေါ်စေတတ်တယ်။ "**ဓမ္မနိယာမ**" ဘုရားအလောင်းတွေနဲ့ သက်ဆိုင်တဲ့ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာ သဘောတရား။

## သမ္မတ္တနိယာမ

အဲဒီ နိယာမ(၅)မျိုး ထဲမှာမပါတဲ့ "**သမ္မတ္တနိယာမ**" ဆိုတာ ရှိသေးတယ်။ '**သမ္မတ္တ**'ဆိုတာ ထာဝရ မှန်ကန်တယ်။ '**နိယာမ**' က ခိုင်မာတယ်၊ ခိုင်မြဲတယ်။ မှန်ကန်ပြီးတော့ ခိုင်မြဲတဲ့ သဘာဝတရားကို "**သမ္မတ္တနိယာမ**"လို့ ခေါ်တယ်။ အဲဒီ "**သမ္မတ္တနိယာမ**"ဆိုတာ မဂ်တရားကို ပြောတာပါ။ မဂ်တရားဆိုတာ မဂ္ဂင် (၈)ပါးနဲ့ ဖွဲ့စည်း

http://www.ammadownload.comdh



ထားတဲ့ စွမ်းအားသတ္တိထက်မြက်တဲ့ အရာတစ်ခုပဲ။ လူတိုင်း လူတိုင်းဟာ မိမိတို့ရဲ့စိတ်ကို စွမ်းအားတွေ မြင့်လာအောင် သတ်မှတ်ထားတဲ့ အာရုံတစ်ခုခုပေါ်မှာ မိမိရဲ့စိတ်စွမ်းအားကို လေ့ကျင့်ပေးမယ် ဆိုလို့ရှိရင် "**သမ္မတ္တနိယာမ**" လို့ဆိုတဲ့ စွမ်းအင်သတ္တိပြည့်ဝတဲ့ စိတ်အခြေအနေတစ်ရပ်ကို မျက်မှောက် ပြုနိုင်ကြပါတယ်တဲ့။

သူတော်စင် ပုဂ္ဂိုလ်တွေဟာ စိတ်ကိုအာရုံနဲ့ လေ့ကျင့်တဲ့အခါမှာ ဆိတ်ငြိမ်ရာနေရာကိုသွားပြီး လေ့ကျင့်ကြတာ ရှိသလို အချို့ပုဂ္ဂိုလ်များကျတော့ ဗုဒ္ဓမြတ်စွာကဖြစ်စေ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်စတဲ့ ရဟန်းတော်တွေကပဲဖြစ်စေ တရားဓမ္မ ဟောတဲ့အခါမှာ ထိုတရားရဲ့ အယဉ်ပေါ်မှာ စိတ်ကို လေ့ကျင့်လိုက်ခြင်းအားဖြင့် "**သမ္မတ္တနိယာမ**" မှန်ကန်တဲ့ သဘောကို ဆောင်ထားတဲ့ ဖြစ်စဉ်ကြီးတစ်ခု မိမိရဲ့ စိတ်စွမ်းအားထဲမှာ ဖြစ်ပေါ်လာနိုင်တယ်။ အဲဒါကိုပဲ "တရားထူး" လို့ ခေါ်တာ။

http://www.ammadownload.comdh



မြန်မာစာပေမှာ ပြောကြတယ်။ တရားနာရင်း တရားထူး ရသွားကြတယ်။ တရားနာရင်း တရားထူး ရသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာကြောင့်ရသလဲ။ ဘယ်လို အခြေအနေကောင်းတွေရှိလို့ ရတာလဲ။ သာမန် အခြေအနေနဲ့တော့ တရားနာရင်း တရားထူး ရတယ်ဆိုတာ မဖြစ်နိုင်ဘူးပေါ့။ သို့သော် လိုအပ်တဲ့ အခြေအနေကောင်းတွေရှိသေးတယ်။ တရားထူးဆိုတာ ကိလေသာ အာသဝေါတွေကို အဆင့်ဆင့် ဖယ်ရှား သုတ်သင်ပစ်နိုင်တဲ့ သို့မဟုတ် စိတ်ရဲ့အညစ်အကြေး တွေကို သန့်စင်ပေးနိုင်တဲ့ စွမ်းအားထက်တဲ့ တရား တစ်မျိုးပဲ။

မဂ္ဂင် (၈)ပါးနဲ့ ဖွဲ့စည်းထားတဲ့ မဂ်တရား ပေါ်လာပြီ ဆိုလို့ရှိရင် ပထမအဆင့် လူတွေရဲ့သန္တာန်မှာ မှားယွင်း နေတဲ့ အတွေးတွေ လုံးဝရှင်းသွားတယ်။ မှားယွင်းနေတဲ့ အတွေးတွေကို အခြေခံတဲ့ သံသယတွေလည်း လုံးဝ ရှင်းသွားတယ်။ အဲဒီ အဆင့်ကို သောတာပန် ဖြစ်တယ် လို့ ဒီလိုပြောကြတာပေါ့။ အမြင်မှန်သွားပြီ၊ သံသယ

http://www.ammadownload.comdh



ကင်းသွားပြီ။ သောတာပန်ဆိုတာ အမြင်မှန်မှုနဲ့ သံသယကင်းမှုပဲ။

အဲဒီ အမြင်မှန်မှုနဲ့ သံသယကင်းမှု ဖြစ်စေနိုင်တဲ့ **သောတာပတ္တိမဂ်** လို့ခေါ်တဲ့ "**သမ္မတ္တနိယာမ**" ထာဝရ မှန်ကန်ပြီး မိမိဖြစ်လာတာနဲ့ တစ်ပြိုင်နက် ဖိုလ်ဆိုတဲ့ အကျိုးတရားကို ထုတ်လုပ်ပေးတဲ့ နေရာမှာ ခိုင်မာတဲ့ မဂ်တရားကို ရရှိနိုင်တာပေါ့။

ထို့အတူပဲ တစ်ဆင့်တက်ပြီး ဝိပဿနာကို အဆင့်မြှင့် ကြိုးပမ်းအားထုတ်လိုက်တဲ့အခါမှာ သံသယကင်းစင် ရုံတင်မကဘူး တွယ်တာစရာ နှစ်သက်စရာ လိုချင်စရာ အာရုံတွေနဲ့ ပေါ်သက်ပြီး တွယ်တာမက်မောမှုတွေကို နည်းပါးသွားအောင် ပြုလုပ်နိုင်စွမ်းရှိတယ်။ စိတ်ထဲမှာ အလိုမကျဖြစ်တဲ့ အရာတွေကိုလည်းပဲ လျှော့ချပစ်နိုင်တယ်ဆိုတဲ့ စွမ်းအားသတ္တိရှိတဲ့ ဒုတိယအဆင့်ဖြစ်တဲ့ "**သကဒါဂါမိမဂ်**" ကိုလည်း တရားထူးလို့ခေါ်တာပဲ။

အေး၊ ဒီထက် ဝိပဿနာကို တိုးမြှင့်ပြီး ကျင့်လိုက်တဲ့အခါ "**ကာမရာဂ**" လို့ ဆိုတဲ့ မျက်စိကမြင်ပြီး နှစ်သက်

http://www.ammadownload.comdh



စရာ အာရုံပေါ်မှာ နှစ်သက်တွယ်တာမှု၊ နားကကြားပြီး နှစ်သက်စရာ အသံတွေပေါ်မှာ နှစ်သက်တွယ်တာမှု၊ နှာခေါင်းက နမ်းရှုရပြီး နှစ်သက်စရာအနံ့တွေပေါ်မှာ နှစ်သက်တွယ်တာမှု၊ လျှာကအရသာခံပြီး နှစ်သက်စရာ အရသာတွေပေါ်မှာ နှစ်သက်တွယ်တာမှု၊ ခန္ဓာကိုယ်က ထိတွေ့ပြီး နှစ်သက်စရာကောင်းတဲ့ အရာတွေပေါ်မှာ နှစ်သက်တွယ်တာမှုဆိုတဲ့ ကာမရာဂ တဏှာတရားကို လုံးဝဖယ်ရှားလိုက်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ "**အနာဂါမိမဂ်**"။ အေး၊ စိတ်ထဲမှာ နှစ်သက်စရာ မကောင်းတာနဲ့ ကြုံလို့ရှိရင်လည်းပဲ ဆန့်ကျင်ပြီးတော့ မုန်းတီးရွံရှာတတ်တဲ့ **ဗျာပါဒ** ဆိုတဲ့ စိတ်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်စေတတ်တဲ့ ဒေါသတရားတွေကိုလည်း အကြွင်း အကျန်မရှိအောင် ဖယ်ရှားပစ်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ "**အနာဂါမိမဂ်**" ဆိုတဲ့ တရားထူးကိုလည်း ရရှိနိုင်တယ် ပေါ့။ အနာဂါမိမဂ်ကိုလည်း **သမ္မတ္တနိယာမ** ထာဝရ မှန်ကန်ရုံမျှမက မိမိဖြစ်လာတဲ့နောက်မှာ အနာဂါမိဖိုလ်

http://www.ammadownload.comdh



ဆိုတဲ့ အကျိုးကို ထုတ်လုပ်တဲ့နေရာမှာ လုံးဝသေချာတယ်။ ဒါကြောင့်မို့ **နိယာမ**။

တစ်ဆင့်တက်ပြီး မိမိရဲ့ ဝိပဿနာစွမ်းအားတွေကို မြှင့်လိုက်ပြီလို့ဆိုရင် စိတ်ရဲ့အညစ်အကြေးလို့ခေါ်တဲ့ ကျန်တဲ့အရာတွေ ကာမဂုဏ်အာရုံတွေပေါ်မှာ အတွယ်အတာ ပြတ်သွားသော်လည်း သက်တမ်းရှည်ကြာမှုကို ဖြစ်စေနိုင်တဲ့ သက်တမ်းရှည်ကြာမှုရှိကြတဲ့ **ရူပဘဝ အရူပဘဝ**လို့ခေါ်တဲ့ ဖြဟ္မာဘုံတွေပေါ်မှာ တွယ်တာမှုက မကင်းသေးဘူး။ အဲဒီတွယ်တာမှုတွေကိုလည်း ဟောဒီ **အရဟတ္တမဂ်** ပေါ်လာတာနဲ့ လုံးဝဖယ်ရှားပစ်နိုင်တယ်။

ဒါတင်မကဘူး။ မိမိရဲ့အရည်အသွေးနဲ့ ပတ်သက်ပြီး အထင်အမြင်ကြီးနေတဲ့ မာန ဆိုတာကိုလည်း ဖယ်ရှားလိုက်နိုင်တယ်။ အာရုံတစ်ခုပေါ်မှာ စိတ်လေပြီး လွင့်ပျံ့နေတဲ့ **ဥဒ္ဓစ္စ**ဆိုတဲ့ တရားတစ်မျိုးကိုလည်း ဖယ်ရှားပစ်နိုင်တယ်။ နောက်ဆုံးမှာ သစ္စာ(၄)ပါးကို အမှန်မသိအောင် ဖုံးအုပ်ကာကွယ်ထားနိုင်တဲ့ **အဝိဇ္ဇာ**ဆိုတဲ့

http://www.ammadownload.comdh



တရားကိုလည်း လုံး၀ ဖယ်ရှားလိုက်နိုင်တယ်။စိတ်ရဲ့ အညစ်အကြေးတွေ အားလုံးဟာ ကုန်သွားအောင်၊ လုံး၀ စိတ်ဟာ ဖြူစင်သွားအောင် ဖြစ်ပေါ်စေနိုင်တဲ့ "**အရဟတ္တမဂ်**" လို့ခေါ်တဲ့ "**သမ္မတ္တနိယာမ**" ကိုလည်း တရားထူးလို့ခေါ်တယ်။ အဲဒါဟာ တရားထူးထဲမှာတော့ အဆင့်အမြင့်ဆုံး တရားထူးပေါ့။

"**သမ္မတ္တနိယာမ**" မှာ **သမ္မတ္တ** ဆိုတဲ့ စကားလုံးက မှန်ကန်တယ် ထာ၀ရမှန်ကန်တယ်။ **နိယာမ** ဆိုတာ မိမိဖြစ်ပေါ်လာပြီးနောက် အကျိုးတရားကို ထုတ်လုပ်တာလည်းပဲ ခိုင်မြဲတယ်။ အဲဒီအနေအထားနဲ့ ခေါ်ထားတဲ့ တရားထူးတွေကို တရားနာရင်းနဲ့ ဘယ်လိုပုဂ္ဂိုလ်တွေ ရနိုင်သလဲ။ ဒို့တတွေကော ရနိုင်သလား။

## သမ္မတ္တနိယာမသုတ်

ဗုဒ္ဓမြတ်စွာက **အင်္ဂုတ္တရနိကာယ်** မှာ **သမ္မတ္တနိယာမ သုတ်** (၆)သုတ် ဟောထားတာရှိတယ်။ အဲဒီ သုတ်

http://www.ammadownload.comdh



(၆)သုတ်က ထုတ်နုတ်ပြီး ဘုန်းကြီးတို့ ဒီကနေ့ မှတ်သား ကြရအောင်။

လူတိုင်း လူတိုင်းအတွက် အခြေခံ အကြောင်း တရားကစပြီး စဉ်းစားကြရအောင်၊ တရားထူးကို ရနိုင်တဲ့ပုဂ္ဂိုလ်မှာ အရေးအကြီးဆုံး အခြေခံအချက်က ဘာလဲ။ **"န ဝိပါကာဝရဏတာယ သမန္နာဂတော"** တဲ့။ စာပေက ပြောတာ။ **"ဝိပါကာဝရဏ"** ဆိုတဲ့ ကံရဲ့အကျိုးဆက်ဖြစ်တဲ့ အဆိုးအပိတ် ကင်းရမယ်တဲ့။ ဒီလောက်ပြောရုံနဲ့တော့ မရှင်းသေးဘူး။ **ဝိပါကာဝရဏ** ဆိုတာ ဆိုးပိတ်တတ်တဲ့ အကျိုးတရားတဲ့။ ကိုယ့်သန္တာန် မှာ မရှိစေရဘူး။

ဘုန်းကြီးတို့ဘဝ ဘာနဲ့စလဲလို့ပြောရင် ပဋိသန္ဓေ စိတ်ကလေးနဲ့ စတယ်။ လူသားတွေအနေနဲ့ ပဋိသန္ဓေ စိတ်က (၉)မျိုးရှိတယ်။ နံပါတ် (၁) က အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကောင်းမြတ်တဲ့ အခြေအနေ ကောင်းတွေ လုံးဝမပါတဲ့ ပဋိသန္ဓေစိတ်က တစ်ခု။ ကုသိုလ်ရဲ့အကျိုးဖြစ်လို့ ကုသလဝိပါက်လို့တော့

http://www.ammadownload.comdh



ခေါ်တယ်။ သို့သော် ခိုင်မာစေတတ်တဲ့ ဟေတုသတ္တိ စွမ်းအားတွေနဲ့ပြည့်တဲ့ အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ အခိုင်အမာ တည်ဆောက်နိုင်တဲ့ စွမ်းအားတွေ သူ့မှာမပါလို့ စာပေလိုပြောလို့ရှိရင် "**အဟိတ်ကုသလ-ဝိပါက် ဥပေက္ခာသန္တီရဏစိတ်**" လို့ခေါ်တယ်။

အဲဒီ စိတ်ကလေးဟာ လူသားတချို့ရဲ့ ဘဝကို စတင်တာ ရှိတယ်ပေါ့။ အဲဒီ "**ဥပေက္ခာသန္တီရဏ**" ဥပေက္ခာစိတ်ကလေးနဲ့ ဘဝတစ်ခု စ,ထားတဲ့ ပုဂ္ဂိုလ်ရဲ့ အခြေအနေက ဘယ်လိုရှိသလဲဆိုရင် မိခင်ဝမ်းထဲမှာ ကတည်းက မျက်လုံးပါမလာဘူး။ မျက်စိကန်းလာတာ။ နားထိုင်းလာတာ။ ဆွံ့အ လာတာ၊ ဦးနှောက်မပြည့် တာ။ လူရယ်လို့ ဖြစ်လာပေမယ့်လို့ သန္ဓေစိတ်ကို ထုတ်လုပ်တဲ့ ကုသိုလ်ကံရဲ့အားပျော့မှုကြောင့် အားပျော့ နေတဲ့ ကုသိုလ်ကံရဲ့အကျိုးဆက်ဖြစ်လို့ မျက်စိမမြင်တဲ့ ပုဂ္ဂိုလ်ဖြစ်လာတယ်၊ နားမကြားတဲ့ ပုဂ္ဂိုလ်ဖြစ်လာတယ်၊ ဆွံ့အနားမကြား စကားမပြောနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်လာ တယ်။ တစ်နည်းအားဖြင့် သန္ဓေစိတ်က ညံ့ဖျင်းသည့်

http://www.ammadownload.comdh



အတွက်ကြောင့် အကောင်းပြောတာလား၊ အဆိုး ပြောတာလားတောင် ခွဲခြားသိနိုင်စွမ်း မရှိလောက် အောင် ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျတဲ့ ပုဂ္ဂိုလ်မျိုးတဲ့။ ဒီလိုပုဂ္ဂိုလ်မျိုးလည်း လူတွေထဲမှာ တွေ့နိုင်ပါတယ်။

ဒီကနေ့ခေတ်မှာတွေ့နိုင်တယ်။ အေး "အနာဂတ်" ကျမ်းကို လေ့လာနေကြတဲ့ ဆရာတွေ၊ သိပ္ပံဆရာတွေ ကတော့ ပြောကြလိမ့်မယ်။ ဘာချို့တဲ့လို့၊ ညာချို့တဲ့လို့ ရုပ်ရဲ့ရှုထောင့်က ပြောမယ်ဆိုလို့ရှိရင် ချို့တဲ့မှုတစ်ခုခု ဖြစ်တယ်။ မိခင်ဝမ်းထဲမှာ ချို့တဲ့မှု ဖြစ်သည့်အတွက် ကြောင့် ထိုပုဂ္ဂိုလ်ဟာ မျက်စိမကောင်းဘူး၊ နား မကောင်းဘူး၊ ဆွံ့အ နားမကြားဖြစ်တယ်။ ရုပ်ပိုင်းက ကြည့်လိုက်မယ်ဆိုလို့ရှိရင် အဲဒီလို ချို့တဲ့မှုကြောင့်လို့ သိပ္ပံဆရာတွေက ပြောလိမ့်မယ်။ မြတ်စွာဘုရားက အဲသလိုချို့တဲ့မှုဟာ ဘာကြောင့်ဖြစ်တယ် ဆိုတာကို ထောက်ပြတယ်။

အဲဒီလို ဘာကြောင့် ချို့တဲ့ရတုန်းဆို ကံတရား ကြောင့် ချို့တဲ့ရတယ်။ အခြေအနေမပေးတာ အစိက

http://www.ammadownload.comdh



လက်သည်က ကံပဲ။ အေး အဲသလိုနဲ့ ဘဝစ,ထားတဲ့ ပုဂ္ဂိုလ် ဆိုလို့ရှိရင်တော့ အဲဒီဘဝမှာ တရားထူးရဖို့ ဆိုတာကို မမျှော်လင့်နဲ့တော့။ ဒီဘဝသာ မမျှော်လင့်ရတာ။ ဒီဘဝမှာ သူ သညာသိနဲ့ပဲဖြစ်စေ ကြိုးစားအားထုတ်လို့ ပညာသိနဲ့ပဲဖြစ်စေ သန္တာန်ကအခြေအနေ မပေးပေမယ့်လို့ လေ့လာမယ်၊ တရားမွေကို နာယူမယ် ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဒုတိယဘဝမှာ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ် ဖြစ်လာနိုင်တယ်။ ဒီဘဝအတွက်ကတော့ မျှော်လင့်ချက် မရှိဘူး။ ဒီဘဝမှာ ကုသိုလ်ကောင်းမှုတွေလုပ်ပြီး ပါရမီ ကုသိုလ်တွေကို ဆည်းပူးမယ်၊ မိမိ တစ်နိုင်တစ်ပိုင် လုပ်မယ်ဆိုလို့ရှိရင် ဒုတိယဘဝမှာ သူ့မှာ တရားထူး ရနိုင်တဲ့ အခြေအနေတွေရှိပါတယ်။

လူမပြောပါနဲ့ မြတ်စွာဘုရားလက်ထက်တုန်းက ဖားကလေးတစ်ကောင်တောင်မှ အခြေအနေ မြင့်သွားတယ်။ ဖားသတ္တဝါဆိုတာ နိမ့်ကျတယ်။ သူ့ရဲ့သန္တာန်စိတ်ကို ထုတ်လုပ်တာက အကုသိုလ်က ထုတ်လုပ်တာ။ အဲဒီ ဖားသတ္တဝါဟာ မြတ်စွာဘုရား တရားဟောနေတော့

http://www.ammadownload.comdh



အသံပေါ် အာရုံစိုက်ပြီး ကြည်နူးနေတဲ့ စိတ်ကလေးနဲ့ သေသွားတဲ့အခါ နတ်ပြည်ရောက်တယ်။ ဟော ဒုတိယ ဘဝ နတ်ပြည်ရောက်တဲ့အခါ ကောင်းမြတ်တဲ့ သန္ဓေ စိတ်နဲ့ ဘဝကို စတင်လိုက်သည့်အတွက် "**တိဟိတ်- ပဋိသန္ဓေ**" လို့ခေါ်တယ်။ မြတ်စွာဘုရား တရား နာလိုက်တာနဲ့ ချက်ခြင်းပဲ သောတာပတ္တိမဂ်ဆိုတဲ့ တရားထူးကို သူရသွားတယ်။

အဲဒါကြောင့်မို့ ဒီဘဝမှာ အဟိတ်ပဋိသန္ဓေနဲ့ လူ့ဘဝရလာလို့ အခြေအနေ မပေးရင် စိတ်ဓာတ်ကျဖို့ မဟုတ်ဘူး။ ကုသိုလ်ကောင်းမှု ကြိုးစားလုပ်ရမယ်။ လုပ်လို့ရှိရင် နောင်ဘဝမှာ အခြေအနေကောင်းတစ်ခု ရလာနိုင်ပါတယ်။ အေး၊ ဆိုလိုတာကတော့ အခုပြောတဲ့ "**ဝိပါကာဝရဏ**" ဆို့ပိတ်ထားတဲ့ သန္ဓေစိတ်ကြီးပေါ့၊ အဲဒီ သန္ဓေစိတ်ကြီးရဲ့ ပိတ်မှုကို ခံထားရတဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ တရားထူးရဖို့ဆိုတာ မျှော်လင့်ချက်မရှိဘူး။ ဘုရားနဲ့ ဘယ်လိုတွေ့တွေ့၊ တရားတွေဘယ်လိုနာနာ

http://www.ammadownload.comdh



မျှော်လင့်ချက် မရှိဘူး။ သို့သော် ဘုရားနဲ့တွေ့ တရားနာရင် ဒုတိယဘဝမှာ အနီးကပ်မျှော်လင့်ချက်ရှိတယ်။

ဒီဘဝ မျှော်လင့်ချက်မရှိလို့ မလုပ်ဘဲနေရင်တော့ ပိုပိုပြီး ဝေးသွားနိုင်တယ်ပေါ့။ အေး၊ ကောင်းပြီ ဒါ လူသားထဲမှာ အညံ့ဆုံး လူသားတစ်ယောက်ကို ပြောပြတာ။ တစ်ချို့လူသားတွေကျတော့ သူ့လောက် အခြေအနေတွေ မဆိုးဘူး။ အခိုင်အမာဖြစ်တဲ့ အလောဘ၊ အဒေါသဆိုတဲ့ အခြေအနေကောင်းတွေ သူ့စိတ်ထဲမှာ သန္ဓေစိတ်ထဲမှာ ပါလာတယ်။ အလောဘ၊ အဒေါသဆိုတဲ့ အခြေအနေကောင်း(၂)ခုပါတဲ့ သန္ဓေစိတ်ကို **"ဒွိဟိတ်ပဋိသန္ဓေစိတ်"** လို့ခေါ်တယ်။ **"ဒွိဟိတ်ပဋိသန္ဓေစိတ်"** အဲဒီ အခြေအနေကောင်း (၂)ခုနဲ့ သို့သော် အမောဟ ဆိုတဲ့ ဉာဏ်မပါဘူး။ ဉာဏ်မပါတဲ့ ဒွိဟိတ်နဲ့ ပဋိသန္ဓေနေထားတဲ့ ပုဂ္ဂိုလ်ဟာလည်း သူ့ရဲ့ သန္ဓေစိတ်ရဲ့ ဆိုးပိတ်မှုကြောင့် ဒီဘဝမှာတော့ တရားထူး တရားမြတ်ရဖို့ မျှော်လင့်ချက် မရှိသေးဘူး။ သို့သော် ခုန

http://www.ammadownload.comdh



ပုဂ္ဂိုလ်နဲ့စာရင် သူက အများကြီးတော်တယ်လို့ ပြောရမယ်။

**ဒွိဟိတ်ပဋိသန္ဓေ** ကို **ဝိပါကာဝရဏ** လို့ခေါ်တယ်။ **အဟိတ်ပဋိသန္ဓေစိတ်**ရယ်၊ **ဒွိဟိတ်ပဋိသန္ဓေစိတ်**ရယ် လူတွေမှာ ပဋိသန္ဓေနေတာ ဟောဒီ ပဋိသန္ဓေစိတ် (၂)မျိုးနဲ့ လူ့ဘဝသာ အစပြုခဲ့မယ်ဆိုရင် ထိုပုဂ္ဂိုလ်သည် တရားထူးရနိုင်မည့်ပုဂ္ဂိုလ် မဟုတ်ပါဘူးတဲ့။

ဒါဖြင့် တရားထူးရနိုင်မည့် ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်လဲ။ အလောဘ၊ အဒေါသ၊ အမောဟလို့ခေါ်တဲ့ တိဟိတ်လို့ခေါ်တဲ့ ဟိတ်သုံးမျိုးနဲ့ ယှဉ်တွဲလာတဲ့ သန္ဓေစိတ်လေးမျိုးထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေလာတဲ့ ပုဂ္ဂိုလ်။ စာလိုပြောရင် တိဟိတ်ပဋိသန္ဓေ ရှိတဲ့ ပုဂ္ဂိုလ်ပေါ့။ တိဟိတ်ပဋိသန္ဓေနေတယ်ဆိုတာ ကုသိုလ်ကံက အရှိန်ကောင်းသည့်အတွက်ကြောင့် သူ့ရဲ့အကျိုးစိတ်ထဲမှာ အသိဉာဏ် ပါလာတာ။ ပင်ကိုယ်အသိဉာဏ်က မျိုးစေ့ပါလာသည့်အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်မျိုးဟာ ဒီဘဝမှာ အခြေအနေကောင်းလို့ရှိရင် တရားထူး

http://www.ammadownload.comdh



တရားမြတ်ရမယ်။ ပင်ကိုယ်အခြေအနေက ကောင်းတယ်။ အဲဒီပုဂ္ဂိုလ်ကို မြတ်စွာဘုရားက တရားဟောတော့မယ်ဆိုရင် ကြည့်တယ်။ လူတစ်ယောက်ရဲ့ **"ဥပနိဿယသမ္ပတ္တိ"** တဲ့။ အားကြီးတဲ့ အကြောင်းတရားတွေ သူ့သန္တာန်မှာ ရှိသလားလို့ ကြည့်တဲ့အခါ- ဘာကိုကြည့်တာတုန်း မေးလို့ရှိရင် သူ့ရဲ့ သန္ဓေစိတ်က ဘာလဲ။ အေး **တိဟိတ်ပဋိသန္ဓေ** ဆိုလို့ရှိရင်တော့ တိဟိတ်ပဋိသန္ဓေ(၄)ခုထဲက တစ်မျိုးမျိုးနဲ့ ဘဝကို စခဲ့ပြီဆိုလို့ရှိရင်တော့ ထိုပုဂ္ဂိုလ်ဟာ တရားထူး တရားမြတ်ရနိုင်တဲ့ အခြေအနေကောင်းရှိတယ်လို့ ပြောရမယ်။ သို့သော် ဒါနဲ့ လုံလောက်ပြီလားဆို မလုံလောက်သေးဘူးနော်။ ဒါ အခြေခံကိုပြောတာ။

အဲဒီလို တရားထူးရနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပေမယ့်လို့ ပစ္စုပ္ပန်မှာ အခြေအနေကောင်းတွေ လိုအပ်သေးတယ်။ ကောင်းမြတ်တဲ့ အခြေအနေတစ်ရပ်ဟာ လည်းပဲ ပျက်စီးသွားတတ်သေးတယ်။ ဒါတွေဟာ သတိထားရမယ့် အချက်တွေပေါ့။ အထောက်အကူ

http://www.ammadownload.comdh



ပြုရမယ့် အခြေအနေတွေ အများကြီး လိုသေးတယ်။ ဘာတွေလိုအပ်သလဲဆိုရင် ယုံကြည်ချက် သဒ္ဓါတရား ရှိဖို့ လိုတယ်။ တိဟိတ်ပဋိသန္ဓေနေထားတဲ့ပုဂ္ဂိုလ် ဖြစ်ပေမယ့်လို့ ယုံကြည်ချက် သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်၊ သဒ္ဓါစွမ်းအားတွေ လျော့နည်းပြီး သဒ္ဓါစွမ်းအားရဲ့ စွမ်းဆောင်မှု မပါဘူး ဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်သည် သူတော်သူမြတ်ထံသွားမှာ မဟုတ်ဘူး၊ ဆည်းကပ်မှာ မဟုတ်ဘူး။ သူတော်သူမြတ် မဆည်းကပ်လို့ရှိရင် သူတော်ကောင်း တရားကို နာရမှာ မဟုတ်ဘူး။ သူတော်ကောင်းတရားကို မနာရလို့ရှိရင် တရားထူး ရနိုင်မှာ မဟုတ်ဘူး။

ကြည့်နော်၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ဆိုတာ လောကမှာ မြတ်စွာဘုရားက လွဲလို့ရှိရင် သူ့လောက် ပညာရှိတဲ့ပုဂ္ဂိုလ်မရှိဘူး။ ဘယ်လောက်ပဲ ပညာရှိနေနေ အခြေအနေကောင်းတစ်ခု မပေးသေးတဲ့အခါ **သဉ္စယ** ဆိုတဲ့ ဆရာကြီးထံ တပည့်ခံပြီးတော့ ဘာမှ ရေရေရာရာ မရှိတဲ့ဝါဒကြီးကို လက်ကိုင်ထားတယ်။ "**အမရာဝိက္ခေပ**–

http://www.ammadownload.comdh



**ဝါဒ**” ဆိုတဲ့ ဝါဒဆိုတာ “**ရှောင်တိမ်းဝါဒ**”၊ ဘယ်လိုမှ ဖမ်းလို့မမိဘူး။ သူ့ကိုမေးမယ် “ဒါ ကုသိုလ်လား” လို့ မေးရင် “ကုသိုလ်လို့လည်း မဆိုလိုပါဘူး”။ “ဒါဖြင့်ရင် ကုသိုလ်မဟုတ်ဘူးလား” လို့မေးရင် “မဟုတ်ဘူး လို့လည်း မပြောပါဘူး”။ “ဒါဖြင့် တစ်ချို့ဟုတ် တစ်ချို့ မဟုတ်ဘူးလား” “အဲသလိုလည်း မဆိုလိုဘူး”။ ဘယ် အရာကိုမှ ရပ်တည်နိုင်စွမ်းမရှိတဲ့ဝါဒကို လက်ကိုင် ထားတဲ့ ပုဂ္ဂိုလ်။ အဲဒီပုဂ္ဂိုလ်ရဲ့ တပည့်အဖြစ်ခံပြီးတော့ **ဥပတိဿပရိဗိုဇ်** ဘဝမှာ နေခဲ့ရတယ်။ သို့သော် ပညာ ထက်မြက်သည့်ပုဂ္ဂိုလ် ဖြစ်သည့်အတွက်ကြောင့် ဒီထက် ထူးခြားတဲ့တရားကို သူရှာတယ်။

သူ့မှာ ရှိရမယ်ဆိုတဲ့ ယုံကြည်ချက် သဒ္ဓါစွမ်းအား ရှိတယ်။ ရှိသည့်အတွက်ကြောင့် ပဥ္စဝဂ္ဂီ (၅)ပါးထဲက **ရှင်အဿဇိ**ကို မြင်လိုက်ရတာနဲ့ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တရားထူး ရှိကိုရှိရမယ်လို့ သူ့ဉာဏ်စွမ်းနဲ့သိတယ်။ နောက်ကနေ လိုက်သွားပြီးမေးတယ်။ ဘယ်ပုဂ္ဂိုလ်ရဲ့ တရားကို နှစ်သက်သလဲ။ ဘယ်သူ့ကို ရည်စူးပြီးတော့

http://www.ammadownload.comdh



သာသနာ့ဘောင် ဝင်လာခဲ့သလဲ။ ရဟန်းဖြစ်လာခဲ့သလဲ စတဲ့ မေးခွန်းတွေ မေးတယ်။ မေးပြီးတဲ့အခါကျတော့ အရှင်ဘုရားရဲ့ဆရာဝါဒကို ပြောစမ်းပါ။ အဲဒီမှာ ရှင်အဿဇိက အတိုချုံးပြီး ပြောလိုက်တာ။ သူပြောတာက သစ္စာလေးပါးပဲပြောတာ။ (၄)ပါဒရှိတဲ့ ဂါထာလေးတစ်ပုဒ် ပြောတာ။

“**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ**” ဆိုတဲ့ စကားလေးအဆုံးမှာ တရားထူးရသွားတာ။

လောကမှာ အကြောင်းကြောင့် ဖြစ်တယ်ဆိုတဲ့ သဘာဝတရားတွေရှိတယ်။ အဲဒီ သဘာဝတရားတွေကိုလည်းပဲ မြတ်စွာဘုရား ဟောတယ်။ **ဒုက္ခသစ္စာ**ကို ဟောတယ်။ အဲဒီ သဘာဝတရားတွေမှာ ဆိုင်ရာ အကြောင်းတွေရှိတယ်။ အဲဒီအကြောင်းတွေကိုလည်း မြတ်စွာဘုရားက ဟောတယ်။ အကြောင်းနဲ့အကျိုးကို ရှင်းပြလိုက်တာနဲ့ တစ်ပြိုင်နက် အမြင်မှန်ရသွားတယ်၊ သံသယကင်းသွားတယ်။ ဟော တရားထူး ချက်ခြင်း

http://www.ammadownload.comdh



ရသွားတယ်။ ဘာဖြစ်လို့လဲဆို **ဥပတိဿ** က တိဟိတ် ပဋိသန္ဓေနဲ့ ပဋိသန္ဓေနေခဲ့တယ်။ တိဟိတ်ပဋိသန္ဓေ စိတ်နဲ့ လူ့ဘဝကို စခဲ့တယ်၊ လူ့ဘဝ စပြီးတော့ လောက ကြီးမှာ သေဆုံးခြင်းဆိုတာ ရှိလို့ရှိရင် သေခြင်းကင်းရာ တရား ရှိကိုရှိရမယ်လို့ ယုံကြည်ချက် ပြင်းထန်တယ်။ ဒါကြောင့်မို့ သေခြင်းကင်းရာ တရားကို လိုက်ရှာတယ်။ ယုံကြည်ချက်သဒ္ဓါ ရှိတယ်။ ရှိသည့်အတွက်ကြောင့် သူတော်သူမြတ်ကို ဆည်းကပ်တယ်။ ရှင်အဿဇိလို ပုဂ္ဂိုလ်နဲ့ တွေ့လိုက်တော့ ထို ရှင်အဿဇိ ထံကနေပြီး တရားဓမ္မကို နာလိုက်ရတယ်တဲ့။

သဒ္ဓါတရားရှိတယ် ဆိုတဲ့ အခြေအနေကောင်း ရှိတာကနေ ဆက်နွယ်ပြီးတော့ **သူတော်ကောင်းတရား ကို ဆည်းကပ်ခြင်း၊ သူတော်သူမြတ်ရဲ့တရားကို နာယူ ခြင်း** လို့ဆိုတဲ့ အခြေအနေကောင်းတွေ ထပ်ပြီး ပိုးလိုက် တဲ့အခါကျတော့ တရားထူးရသွားတာပဲ။ သဒ္ဓါတရား ရှိဖို့ လိုအပ်တယ်ဆိုတာ ပြောရမယ်နော်။ ပံ့ပိုးမှု လိုအပ် တယ်။ အကယ်၍သာ ယုံကြည်ချက်မရှိဘူး ဆိုလို့ရှိရင်

http://www.ammadownload.comdh



ရှင်အသဃဇိကို သွားတွေ့မှာ မဟုတ်ဘူး။ မတွေ့ရင် ရှင်အသဃဇိရှင်းပြတဲ့ သစ္စာတရားကို သိလိုက်မှာ မဟုတ်ဘူး။ မသိလို့ရှိရင် တရားထူးရဖို့ မရှိဘူး။

နောက်တစ်ခုက ဘာလဲလို့ဆိုရင် ပြင်းထန်တဲ့ ဆန္ဒ၊ တရားထူး တရားမြတ်ကို လိုချင်တဲ့ ဆန္ဒရှိဖို့ အင်မတန်မှ အရေးကြီးတယ်။ လောကမှာ လူတွေက ကုသိုလ်ကောင်းမှုလုပ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရ,ရပါလို၏ လို့ ဆန္ဒကို ထုတ်ဖော်ပြီး ဆုတောင်းနေကြတာ ရိုးရာ တစ်ခုလို လုပ်နေတယ်။ တစ်ကယ်လိုချင်တဲ့ ဆန္ဒလားလို့ ကိုယ့်ဆန္ဒဟာ တစ်ကယ်ပြင်းထန်ရဲ့လား၊ မရ ရအောင် ရှာမယ်ဆိုတဲ့ စိတ်နဲ့လားလို့ မေးလိုက်လို့ရှိရင်တော့ သင်္ဂဇာဆရာတော်ကြီးရဲ့ စကားပုံထဲကလို မန္တလေး ဈေးတောင်က ငမောင် နိဗ္ဗာန် ရချင်သလိုပဲ ဖြစ်မှာပဲ။ နိဗ္ဗာန်ပို့မလို့ လာခေါ်တဲ့အခါကျတော့ မဖြစ်သေးဘူး၊ အိမ်ပြန်ပြီး တိုင်ပင်တာတို့ ဘာတို့ ဖြစ်ကုန်တယ်။ အိမ်က အမျိုးသမီးက “လိုက်သွား”လို့ ဆိုတဲ့အခါကျတော့ “ဟာ စဉ်းစားဦး၊ နင်တစ်ယောက်ထဲ ဖြစ်ပါ့မလား” “ဖြစ်ပါ

http://www.ammadownload.comdh



တယ်၊ ရှင် ငဲ့မနေပါနဲ့” ဆိုတဲ့အခါ “မင်းမစဉ်းစားလဲ ငါတော့စဉ်းစားရဦးမှာ” ဆုတောင်းတာကတော့ နေ့စဉ် ဆုတောင်းနေတာပဲ။ အဲတော့ ဆန္ဒပြင်းထန်မှု မရှိသေး ဘူးဆိုတာ ထင်ရှားတယ်ပေါ့။ အဲသလို ဆန္ဒပြင်းထန်ပြီ ဆိုလို့ရှိရင်လဲပဲ တရားထူးရဖို့ အထောက်အကူတွေ အများကြီးဖြစ်ပါတယ်။

နောက်တစ်ခုက ဘာလိုအပ်သလဲဆိုရင် **တရား နာပြီး အသိပညာမြင့်မားအောင်လုပ်ဖို့ လိုအပ်သေးတယ်။** ဉာဏ်ရည် ဉာဏ်သွေးဆိုတာ သူ့သဘာဝက အခြေ အနေ ပေးထားပေမယ့်လို့ ဓားများလိုပဲ မသွေးဘူးဆိုရင် ထက်ပါ့မလား။ မထက်ပေဘူး။ သွေးပေးရတယ်။ ပင်ကိုယ်က ဓားအသွား ပါလာပေမယ့်လို့ ကျောက်ပေါ် တင်ပြီးတော့ ပွတ်ပေးမှ ဒီဓားသွားဟာ ပိုထက်လာမှာ။ ထို့အတူပဲ လူရဲ့ ဉာဏ်ရည်ဉာဏ်သွေးဆိုတာ ထက်လာ အောင် လုပ်ရမယ်။ ကြည့်လေ ဗုဒ္ဓမြတ်စွာ ဟောကြား တော်မူခဲ့တဲ့ အဘိဓမ္မာတရားကို လေ့လာတဲ့ပုဂ္ဂိုလ်တွေ သိမယ်။ အပြည့်ပြည့်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံကို

http://www.ammadownload.comdh



သွားပြီးတော့ အဘိဓမ္မာသင်တန်းတွေ တက်တယ်။ ပင်ကိုယ် ဉာဏ်ရည်ဉာဏ်သွေးပေါ်မှာ ထပ်ဆင့်ပြီး တော့ ဓားနဲ့ကျောက်နဲ့ထိပြီး သွေးလိုက်သလိုပဲ တရားအသိတွေဟာ ရှင်းသထက် ရှင်းလာမယ်။ ဉာဏ်တွေဟာ ထက်သထက် ထက်လာမယ်။ ပင်ကိုယ်က ဉာဏ်ထက်ပေမယ့်လို့ မသင်ဘူးဆိုရင် မတတ်ဘူးပေါ့။ ဘယ်တတ်မလဲ။

အဘိဓမ္မာသင်တန်း မတက်သေးလို့ရှိရင် အဘိဓမ္မာ တတ်မှာမဟုတ်ဘူး။ ဒါကတော့ သေချာတယ်။ အခု တရားနာနေတာတွေဟာလည်းပဲ ပညာကို ဆည်းပူးနေတာလို့ပဲ ပြောရမယ်။ စာသင်နေတာနဲ့ တရားနာနေတာဟာ အတူတူပဲ။ သင်ယူနေတာချည့်ပဲ။ စာသင်တာလည်းပဲ နားထောင်ရတာပဲ။ တရားနာတာလည်းပဲ နားထောင်ရတာပဲ။ ဘာအတွက် လုပ်နေကြတာတုန်းလို့မေးရင် ဉာဏ်ရည် ဉာဏ်သွေးတွေ ထက်အောင် လုပ်နေကြတာ။

http://www.ammadownload.comdh



ဒါကြောင့်မို့ အာဠဝကကြီးကို မြတ်စွာဘုရားက ဟောတာ၊ ကြည့်-အာဠဝကဘီလူးက သူ့မိဘတွေက ကဿပဘုရားဆီက သင်ယူပြီးထားတဲ့ မေးခွန်းပုစ္ဆာပဲ။ ကိုယ့်ကိုယ်ကိုလည်း မေးကြည့်ပေါ့။ ဘုရားက သင်ပေးထားတဲ့ အမေးနဲ့ အဖြေကလေးထဲမှာ **"ကထံသု လဘတေ ပညံ"** ပညာကို ဘယ်လိုရအောင် လုပ်ရမလဲ။ ပညာကို ဘယ်လိုနည်းနဲ့ ရနိုင်သလဲ။ မြတ်စွာဘုရားက အဖြေပေးတယ်။ **"သုဿူသံ လဘတေ ပညံ"** သင်ချင်တဲ့စိတ်၊ နားထောင်ချင်တဲ့စိတ်၊ တရားနာချင်တဲ့စိတ်၊ တရားမှုကို လေ့လာ လိုက်စားချင်တဲ့စိတ်၊ သင်ချင်တဲ့စိတ်ရှိရင် ပညာရပါတယ်တဲ့။ ဟော ဘုရားက အခြေခံကို ပြောလိုက်တာ။ တရားပွဲသွားပြီး တရားနာချင်တဲ့စိတ်က အရေးအကြီးဆုံးပဲ။ အေး၊ တရားပွဲသွားဖို့မှ စိတ်မရှိဘူးဆိုရင် တရားပွဲကရလာတဲ့ အသိဉာဏ် ဘယ်လိုလုပ်ရမလဲ၊ မရနိုင်ဘူးနော်။

ထို့အတူပဲ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ နက်နဲခက်ခဲလှတဲ့ အဘိဓမ္မာတရားတွေကို သိချင်တဲ့စိတ်

http://www.ammadownload.comdh



မရှိဘူး၊ အချိန်မပေးနိုင်ဘူးဆိုပြီး "အပြည့်ပြည့်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ" တို့လို အဘိဓမ္မာသင်တန်းတွေကို မတက်ဘူးဆိုလို့ရှိရင် အဘိဓမ္မာနဲ့ ပတ်သက်တဲ့ပညာ ရပါ့မလား၊ မရနိုင်ဘူးတဲ့။ ဒါကြောင့်မို့ ပညာရအောင်လည်း လုပ်ဖို့လိုသေးတယ်။

သန္တေစိတ်ကလေးကတော့ ကောင်းပါတယ်။ တကယ်ကောင်းတဲ့ တိဟိတ်ပဋိသန္ဓေနဲ့နေတယ်။ လူဆိုတာ စဉ်းစားကြည့်နော်။ တိဟိတ်ပဋိသန္ဓေနဲ့ နေပြီးတော့ သန္တေစိတ်က အခြေအနေ ကောင်းပေမယ့်လို့ စားဝတ်နေရေး၊ အသက်ရှည်ရေးနဲ့ ဟိုအရေး ဒီအရေးတွေနဲ့ အချိန်ကုန်သွားလို့ရှိရင် ရထားတဲ့ အခွင့်အရေးဟာ ဘာမှအသုံးဝင်မှာ မဟုတ်တော့ဘူး။ တရားထူးတရားမြတ်ရဖို့အတွက် အခြေအနေပေးမှာ မဟုတ်ဘူး။ တိဟိတ်ပဋိသန္ဓေ နေထားပြီးတော့ ခုနက သဒ္ဓါဆိုတဲ့ စွမ်းအားတွေ၊ ဆန္ဒဆိုတဲ့ စွမ်းအားတွေ၊ ပညာဆိုတဲ့ စွမ်းအားတွေ ဒါတွေထက်မှ အခြေအနေကောင်းရှိမှ တရားဓမ္မနာလို့ တရားထူးဆိုတာ ရနိုင်တယ်လို့ မြတ်စွာ

http://www.ammadownload.comdh



ဘုရားက **"သမ္မသနိကာမသုတ်"** မှာ ဒီအတိုင်းပဲ ဟောထားတာ။

အခြေအနေကောင်းတွေက အင်မတန်မှ အရေးကြီးတယ်ပေါ့။ အေး၊ အင်မတန်ကောင်းတဲ့ အခြေအနေကောင်းတွေကို မိမိကိုယ်တိုင်ရဲ့ ဒီ မကောင်းတဲ့ မိတ်ဆွေနဲ့ ပေါင်းမိလို့ဖြစ်စေ၊ မိမိကိုယ်တိုင်ရဲ့စိတ်ထား ယုတ်ညံ့လို့ဖြစ်စေ၊ ကောင်းမြတ်တဲ့ အခြေအနေတွေ ပျက်စီးဆုံးရှုံးသွားတာမျိုးလည်း ရှိသေးတယ်။ ဒါ သတိထားရမယ်။ ဒီလောက်အခြေအနေတွေ ကောင်းထားပေမယ့်လို့ ထိုပုဂ္ဂိုလ်တစ်ယောက်ဟာ ဆိုဗိတ်ထားတဲ့ အရာဝတ္ထု (၂)ခုရှိသေးတယ်။ အင်မတန် ကြောက်စရာ ကောင်းတယ်။

## ကမ္မာဝရဏ

ဆိုဗိတ်မှု (၂)ခု၊ အဲဒီဆိုဗိတ်မှု (၂)ခု ဝင်လာလို့ရှိရင်တော့ ဘယ်လိုပဲ တိဟိတ်ပဋိသန္ဓေ နေခဲ့နေခဲ့၊ တရားဓမ္မတွေ ဘယ်လို ကျင့်ကျင့်၊ တရားဘယ်လိုနာနာ၊

http://www.ammadownload.comdh



တရားထူး တရားမြတ် ဒီဘဝမှာ မရနိုင်တော့ဘူးတဲ့။ အခြေအနေကောင်းကြီး ပျက်စီးသွားပြီ။ ဒါက ဘယ်သူ ဖျက်ဆီးတာတုန်းဆို ကိုယ်ကိုယ်တိုင် ဖျက်ဆီးလိုက်တာ။ အဲဒါက ဘာလဲလို့ဆို **"ကမ္မာဝရဏ"** တားဆီးပိတ်ဆို့ တတ်တဲ့ အကုသိုလ်ကံ လုပ်မိသွားလို့ရှိရင် ဒီဘဝမှာ အခြေအနေကောင်းတွေ အကုန်လက်လွတ် ဆုံးရှုံး သွားမယ်။ **"ကမ္မာဝရဏ"** ဆို့ပိတ်တတ်တဲ့ ကံတရား ဆိုတာ ဘာလဲ။

အမေကို ဒေါသနဲ့ သတ်မိတာ။ အဖေကို ဒေါသနဲ့ သတ်မိတာ။ matricide, patricide အမေသတ်ကံ၊ အဖေသတ်ကံ။ **"မာတုဃာတကကံ၊ ပိတုဃာတကကံ"** ကျူးလွန်တာ။ ဒေါသစိတ်နဲ့ ရဟန္တာပုဂ္ဂိုလ်ကို သတ်ဖြတ်မိတာ။ ပြစ်မှားလိုတဲ့စိတ်နဲ့ မြတ်စွာဘုရားကို သွေးစိမ်း တည်သွားအောင် လုပ်မိတာ။ သံဃာသင်းကွဲအောင် သံဃာတွေ ကွဲပြသွားအောင် သံဃာသင်းခွဲတဲ့ ကံကို လုပ်မိတာတဲ့။

http://www.ammadownload.comdh



"**ပဋ္ဌာနန္တရိယကမ္မ**" လို့ခေါ်တယ်။ "**အာနန္တရိယကမ္မ**" လို့ဆိုတာ သေသည်၏ အခြားမဲ့၌ သေချာပေါက် ဒီကံက အကျိုးပေးမှာ မြေကြီးလက်ခတ် မလွဲဘူး။ အဲဒီ (၅)မျိုးကတော့ သူတို့ကို ဖယ်ရှားပစ်နိုင်တဲ့ ကံဆိုတာ မရှိဘူး။ ဒုတိယဘဝမှာ သူတို့က နေရာယူထားပြီးသား။ ပြန်ပြီးတော့ ပြင်လို့မရတဲ့ ကံမျိုးပဲ။ ဒုတိယဘဝမှာတော့ ဧကန္တ သူ့ရဲ့အကျိုးကိုခံရမှာပဲ။ အဲဒါကို "**အာနန္တရိယကံ**" လို့ခေါ်တယ်။ သေသည်၏အခြားမဲ့မှာ သေချာပေါက် နေ၁် အာမခံလုပ်ထားတဲ့အတိုင်းပဲ။ သေချာပေါက် မကောင်းတဲ့ဘဝကိုပို့မှာ။ အဲဒီကံမျိုးနဲ့ ပိတ်မှုခံလိုက်ရပြီ ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ ခုနကပြောတဲ့ မိမိရဲ့သန္တာနကို တိဟိတ်ပဋိသန္ဓေနဲ့ ဘယ်လိုပဲ စခဲ့ စခဲ့ ထိုပုဂ္ဂိုလ်က ဒီဘဝမှာ တရားထူး တရားမြတ်ရဖို့ မရှိတော့ဘူး။

မိမိရဲ့လုပ်ရပ်ကြောင့် အခြေအနေကောင်းတစ်ရပ် ပျက်စီးသွားပြီ။ လူတွေရဲ့ ပကတိအနေအထားတစ်ခုကို ကြည့်ကြည့်ပေါ့။ ကံကပေးလိုက်တဲ့ မျက်စိလေးနှစ်လုံး မတော်တဆ ကံမကောင်း အကြောင်းမလှလို့ ထိခိုက်

http://www.ammadownload.comdh



ပြီးတော့ ဒဏ်ရာရပြီး ဆုံးရှုံးသွားတယ်ဆိုရင် ဒီဘဝမှာ ပြန်ရနိုင်ပါ့မလား။ မရနိုင်ဘူး။ အဲဒါလိုပဲ ဒီပြစ်မှုတွေထဲက တစ်ခုခုကျူးလွန်မိပြီ ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ မျှော်လင့်ချက် မရှိတော့ဘူး။ ဒီဘဝမှာ အခြေအနေကောင်းတွေအားလုံး ပျက်စီးသွားတဲ့အပြင် နောင်ဘဝမှာ မကောင်းကျိုးခံရမှာက သေချာပေါက်ဖြစ်သွားပြီ။ အဲဒါကို "**ကမ္မာဝရဏ**" လို့ ခေါ်တာ။

## ကိလေသာဝရဏ

နောက်တစ်ခုက ရှိသေးတယ်။ ဘယ်လောက်ပဲ သန္ဓေစိတ်က အသိဉာဏ်တွေ ဦးစီးပြီးတော့ "**ဉာဏ-သမ္ပယုတ်**" တိဟိတ်ပဋိသန္ဓေနေခဲ့တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် "**ကိလေသာဝရဏ**" လို့ခေါ်တယ်။ အညစ်အကြေးတွေ ဆို့ပိတ်ထားတဲ့ ကိလေသာ၊ ဒီနေရာမှာ ကိလေသာဆိုတာ တခြားဟာကို ပြောတာမဟုတ်ဘူး။ မှားယွင်းတဲ့ အယူအဆတစ်ရပ်ကိုပြောတာ။ အဲဒီ မှားယွင်းတဲ့ အယူအဆတစ်ရပ်ကို လက်ခံထားလိုက်ပြီ၊ မှားယွင်းတဲ့

http://www.ammadownload.comdh



အယူအဆ တစ်ရပ်ကလည်း အနိုင်အမာ ဘုရားဟော လို့ မရတော့လောက်အောင် ခိုင်မာသွားတဲ့ မှားယွင်းမှု ပေါ့။

ဆိုပါစို့ ခုနက သိဥ္စယ ပရိဗိုဇ်ကြီးက သူ့ဝါဒသူ မှန်တယ်လို့ပဲ ယူဆတယ်။ ရှင်သာရိပုတ္တရာတို့က ဆရာကြီးကို ကျေးဇူးတင်လို့ ဘုရားဆီကို လိုက်ခဲ့ဖို့ ခေါ်တာ မလိုက်ဘူးလေ။ နောက်ဆုံးမှာ ခေါ်ခြင်းမက ခေါ်တဲ့အခါကျတော့ သူက ဘာပြောတုန်းဆိုရင် "အေး၊ လောကမှာ ပညာရှိနဲ့ လူမိုက် ဘယ်သူကများတုန်း" "လူမိုက်က များပါတယ်" "အေး၊ မင်းတို့ ပညာရှိတွေ သွားကြပေါ့။ လူမိုက်တွေ ငါနဲ့နေရစ်ခဲ့လိမ့်မယ်" တဲ့။ အဲလောက်ထိအောင် ခေါင်းမာတာနော်။

တခြား မိစ္ဆာအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ကြည့်ဦးလေ။ **ပူရဏကဿပ** ကလည်း ကုသိုလ်ဆိုတာ မရှိဘူး၊ ကုသိုလ်ဆိုတာ လုပ်လို့ကို မရဘူး။ အကုသိုလ် ဆိုတာ မရှိဘူး၊ လုပ်လို့ဖြစ်တဲ့အရာ မဟုတ်ဘူး။ "**အကြိယဝါဒ**" ဆွဲကိုင်ထားတာ။ ဘယ်သူပြောလို့မှ

http://www.ammadownload.comdh



သူ့အယူဝါဒကိုလွတ်မှာ မဟုတ်ဘူး။ **"မာက္ခလိဂေါ-သာလ"** ကြည့်ဦးမလား။ သူကလည်း အေး၊ သတ္တဝါတွေ စင်ကြယ်ဖို့၊ ဖြူစင်ဖို့ဆိုတာ ဘာအကြောင်းမှ မရှိဘူး။ သူဖြစ်ချင်သလို ဖြစ်နေကြတာ ဆိုတဲ့ **"အဟေတုကဝါဒ"** ကြီးကို လက်ခံယူထားတာ။

**အဇိတကေသကမ္ဗလ** ဆိုတဲ့ လူ့ဆံပင်နဲ့ ယက်လုပ်ထားတဲ့ အဝတ်ကြီးကို ထူးထူးခြားခြား ဝတ်ရုံနေတဲ့ **အဇိတ** ဆိုတဲ့ ဆရာကြီးကလည်း ကံရဲ့အကျိုးတရားတွေ အားလုံးကို ငြင်းပယ်ထားတယ်။ သူတို့ရဲ့ဝါဒကို ဘယ်သူ တစ်ယောက်ကမှလာပြီးတော့ ပြောင်းပစ်လို့ မရဘူး။ စွဲစွဲမြဲမြဲ ဆုတ်ကိုင်ထားတာ။

အဲဒါကို **"နိယတ မိစ္ဆာဒိဋ္ဌိ"** လို့ခေါ်တယ်။ အခိုင်အမာ ယူစွဲထားတယ်။ အဲဒီ **"နိယတ မိစ္ဆာဒိဋ္ဌိ"** အယူဝါဒ ခိုင်မာတဲ့ မှားယွင်းတဲ့အမြင်တစ်ခုကို **ကိလေသာဝရဏ** တဲ့။ စိတ်ရဲ့ အညစ်အကြေးဖြစ်ပြီးတော့ တိုးတက်လမ်းကို ဆို့ပိတ်ထားတဲ့ အရာလို့ ဒီလိုသတ်မှတ်တယ်။ ဘယ်လောက်ပဲ အသိဉာဏ်တွေရှိရှိ အဲဒီ **"နိယတ**

http://www.ammadownload.comdh



**မိစ္ဆာဒိဋ္ဌိ"** ဆိုတဲ့ ကိလေသာရဲ့ အဆိုးအပိတ်ကို ခံထားရလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ ဒီဘဝ တရားထူး တရားမြတ်ရဖို့ဆိုတာ မျှော်လင့်စရာ မရှိတော့ဘူး။ အခြေအနေမပေးတော့ဘူး။ ဒီလိုပြောတာ။

ဒါ ကိုယ့်ရဲ့လုပ်ရပ်ကြောင့် ဖြစ်သွားတာတွေ၊ ကံက ပေးလိုက်တုန်းကတော့ အကောင်းသား။ တိဟိတ် ပဋိသန္ဓေ အနေနဲ့ ကံက ချပေးလိုက်တာပဲ။ သို့သော် မှားယွင်းတဲ့အယူ ယူလိုက်တာက ကိုယ့်ရဲ့အပြစ်ပဲ။ မှားယွင်းချွတ်ချော်မှုတွေကြောင့် ထိုပုဂ္ဂိုလ်ဟာ အခြေအနေကောင်းတွေ ပျက်စီးသွားတယ်ဆိုတာ တရားထူး တရားမြတ် ရဖို့ရန်အတွက် ဒီအခြေအနေကောင်းတွေက အင်မတန်မှ အရေးကြီးသေးတယ်။

အားလုံးကို ဆိုပါစို့၊ (၁) တိဟိတ်ပဋိသန္ဓေနေတဲ့ လူသားတစ်ယောက်လည်း ဖြစ်ခဲ့ပြီ၊ (၂) သဒ္ဓါစွမ်းအားတွေလည်း ထက်မြက်တယ်၊ (၃) စိတ်ဆန္ဒတွေကလည်း ပြင်းထန်တယ်၊ (၄) အသိဉာဏ်တွေကိုလည်းပဲ လေ့လာဆည်းပူးနေတယ်။ ဒီလိုအခြေအနေရှိရင် တရားထူး

http://www.ammadownload.comdh



တရားမြတ် ရပြီလားလို့ဆို သူ့ရဲ့စိတ်နေသဘောထား ပေါ်မှာမူတည်သေးတယ်နော်။ တရားနာရင်း တရားထူး ရဖို့ဆိုတာ စိတ်သဘောထားဟာ အင်မတန်မှ အရေးကြီးတယ်။ တရားနာပြီဆိုလို့ရှိရင် စိတ်သဘောထား မှန်ကန်မှု အင်မတန်မှ အရေးကြီးတယ်။

တရားနာပြီဆိုလို့ရှိရင်တဲ့ နံပါတ်တစ် တရားနာချင်တဲ့စိတ်က ပထမ။ တရားနာချင်လို့ တရားပွဲရောက်လာတဲ့အခါမှာ စိတ်အားကုန်စိုက်ပြီးတော့ တရားနာတာက ဒုတိယ။ စာပေလိုပြောမယ်ဆိုရင် "**သုဿူသတိ**" တရားနာချင်တယ်။ "**သောတံဩဒဟတိ**" တရားမေ့နဲ့ ပတ်သက်လို့ရှိရင် နားထဲကမလွတ်ရအောင် တစ်လုံးတစ်ပါဒမှမလွတ်ရအောင် စိတ်စိုက်ပြီးတော့ နားထောင်တယ်။ "**အညာ စိတ္တံ ဥပဋ္ဌပေတိ**" တရားရဲ့သဘောကို နားလည်အောင် သတိစွမ်းအားတွေ ပညာစွမ်းအားတွေ ဝီရိယစွမ်းအားတွေနဲ့ အသုံးချပြီးတော့ အစွမ်းကုန် နားလည်အောင် ကြိုးစားတယ်။

http://www.ammadownload.comdh



ဒါက အခြေအနေကောင်းအောင် လုပ်ပေးနေတဲ့ သဘောတွေပဲ။ အဲဒီ အခြေအနေကောင်းတွေကို လုပ်မပေးနိုင်ဘူးဆိုရင်လည်း တရားထူးတရားမြတ် မရနိုင်ဘူးတဲ့။ ဒါကြောင့်မို့ တရားနာပြီလို့ဆိုတဲ့ အချိန်မှာ **"ဝိက္ခိတ္တစိတ္တော ဓမ္မံ သုဏာတိ"** တရားနာတဲ့ပုဂ္ဂိုလ်ဟာ ပျံ့လွင့်တဲ့စိတ်နဲ့ တရားနာတယ်၊ သမာဓိစွမ်းအား မရှိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ တရားပေါ်မှာ အာရုံမရောက်နိုင်သည့် အတွက်ကြောင့် တရားထူး တရားမြတ်ကို မရနိုင်ဘူးတဲ့။ ဒီပုဂ္ဂိုလ်ဟာ တရားထူးတရားမြတ် မရနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့်မို့ တရားနာပြီ ဆိုလို့ရှိရင်လည်း တရားပေါ် တရားတည်းဟူသော အာရုံတစ်ခုတည်းပေါ်မှာ စိတ်အစွမ်းကုန်စိုက်ပြီးတော့ နာဖို့လိုအပ်တယ်။

နောက်တစ်ခု လိုအပ်တာ ဘာလဲဆိုရင် ဟောထားတဲ့ တရားအစဉ် ဒေသနာအပေါ် ရှင်းလင်းပြောဆိုချက်အပေါ်မှာ **ယောနိသောမနသိကာရ** မှန်ကန်တဲ့ အတွေးအမြင်လေး ရှိဖို့လိုသေးတယ်။ မှန်ကန်တဲ့အတွေး ရှိရ

http://www.ammadownload.comdh



မယ်။ နောက်တစ်ခု လိုအပ်ချက်က တရားနာပြီဆိုလို့ ရှိရင် ကိုယ်မသိတာကို သိတယ်လို့ တချို့က တရားနာတယ်၊ ဒါ ငါသိပြီးသားတွေပဲလို့ စိတ်က မသိတာကို သိတယ်လို့ ထင်ပြီးတော့ တရားနာလို့ရှိရင်လည်းပဲ အဲဒီပုဂ္ဂိုလ်ဟာ တရားထူးတရားမြတ် မရနိုင်ဘူးတဲ့။ အခြေအနေတွေက အဲသလိုရှိတယ်။

အခြားလိုအပ်တဲ့ အခြေအနေတွေ ရှိသေးတယ်။ ဒါတွေကတော့ သူတော်စင်တွေနဲ့ သိပ်ပြီးတော့မဆိုင်ဘူး။ တရားနာတဲ့အခါမှာ အရေးကြီးဆုံးက ပင်ကိုယ် အခြေအနေက သာသနာတော်နဲ့လျော်တဲ့ အတွေးအမြင်တွေ ရှိထားဖို့ လိုအပ်တယ်။ သာသနာတော်နဲ့ မလျော်တဲ့ အတွေးမြင်တွေကို ခံယူထားပြီးတော့ တရားနဲ့ ပတ်သက်လာတဲ့အခါမှာ လက်တွေ့ဆန်ဆန် သုံးသပ်ဆင်ခြင်မှု မပြုဘဲနဲ့ တလွဲကိုအတွေးချော်နေတဲ့ "**အယောနိသောမနသိကာရ**" မျိုးတွေ ဝင်လာလို့ရှိရင်တော့ ထိုပုဂ္ဂိုလ်ဟာ တရားထူးတရားမြတ် မရနိုင်ပါဘူးတဲ့။

http://www.ammadownload.comdh



မြတ်စွာဘုရားက **သမ္မတ္တနိယာမသုတ်** လို့ ဆိုပြီးတော့ (၃)မျိုး ဟောထားတာ။ အဲဒီ (၃)မျိုးထဲက ကောက်နုတ်ပြီးတော့ အကျဉ်းချုပ် ပြောလိုက်မယ် ဆိုလို့ရှိရင် အရေးအကြီးဆုံးက လူ့ဘဝဟာ တိဟိတ်ပဋိသန္ဓေနဲ့ စခဲ့ဖို့ဟာ အရေးအကြီးဆုံးပဲ။ ဒါနဲ့တင် လုံလောက်ပြီလားဆို မလုံလောက်သေးဘူး။ သဒ္ဓါစွမ်းအားတွေရှိရမယ်။ ဆန္ဒစွမ်းအားတွေ ပြင်းထန်ရမယ်။ အသိပညာတွေ တိုးတက်လာအောင် လုပ်ရမယ်။ တရားနာတဲ့အချိန်မှာ **ယောနိသောမနသိကာရ** မှန်ကန်တဲ့ တွေးတောမှုလေးတွေ ရှိရမယ်။ ဒီအချက်တွေဟာ အင်မတန်မှ အရေးကြီးတယ်။ အဲဒီအချက်တွေအပြင် ခုနက လွဲမှားသွားတဲ့ မလုပ်သင့်၊ မလုပ်ထိုက်တာတွေကို သွားလုပ်မိတဲ့ **အာနန္တရိယကံ**မျိုး ကျူးလွန်တာ မရှိဖို့ လိုအပ်တယ်။

http://www.ammadownload.comdh



## အဇာတသတ်မင်းဝတ္ထု

အဇာတသတ်မင်းကြီးရဲ့ ဇာတ်လမ်းကို ကြည့်ကြည့်။ အားလုံးသိကြတယ် **အဇာတသတ္တု** ဆိုတာ ဗိမ္ဗိသာရမင်းကြီးရဲ့ မိဖုရားခေါင်ကြီးကမွေးတဲ့ သားတစ်ပါး။ သူသန္ဓေတည်တဲ့အချိန်မှာ မိဖုရားကြီးမှာ ဘာဆန္ဒတွေ ဖြစ်တုန်းဆို ဘုရင်ကြီးရဲ့ လက်ရုံးသွေးကို သောက်ချင်တဲ့ဆန္ဒဖြစ်တယ်။ ကြည့်နော် သန္ဓေတည်ကတည်းကနေ ဘုရင်ကို သတ်ချင်တဲ့စိတ်က ဘယ်လောက်ပေါ်နေလဲ။ သွေးသောက်ချင်တယ်။ သွေးစုပ်ချင်တယ်။ ဘုရင့်ရဲ့သွေးကို စုပ်ချင်တယ်။ သူ့ အဖေရဲ့သွေးကို စုပ်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်ဟာ မိခင်လုပ်တဲ့ပုဂ္ဂိုလ်မှာ လာပေါ်နေတယ်။

အဲဒီလို လာပေါ်နေတာဟာ သာမန်ဆန္ဒမျိုး မဟုတ်ဘူး။ အဲဒီဆန္ဒက ဖြေဖျောက်လို့မရတဲ့ဆန္ဒဖြစ်တဲ့အတွက်ကြောင့် လူဟာ တစ်နေ့တစ်ခြား ပိန်လာတယ်။ ထုတ်ပြောဖို့လည်း အင်မတန်ခက်တယ်။ သွေးကို သောက်ချင်တယ်နော်၊ သွေးစုပ်ဘီလူးမ အဖြစ်မျိုး

http://www.ammadownload.comdh



ရောက်ရမှာမျိုးဖြစ်တော့ မပြောရက်ဘူး၊ မပြောဝံ့ဘူး။ သို့သော် အဲဒီ စိတ်ဆန္ဒက လွှမ်းမိုးကြီးစိုးထားသည့် အတွက်ကြောင့် အဲဒီ မိဖုရားကြီးဟာ တစ်နေ့တစ်ခြား မလန်းဘူး။ ပိန်လာတယ်။

ဘုရင်ကြီးက အတင်းအကျပ်မေးတဲ့အခါမှာ သူ့ရဲ့ ဆန္ဒကို ထုတ်ဖော်ပြောတော့ ဘုရင်ကြီးက လိုက်လျော တယ်။ ရွှေဓားလေးနဲ့ သူ့ရဲ့လက်မောင်းသွေးကို သူ့ ဘာသူ ခွဲပြီးတော့ အဲဒီသွေးလေးကို ရေနဲ့ရောပြီးတော့ တိုက်လိုက်တယ်။ အာသာဆန္ဒ ပြည့်တယ်။

ကြည့်နော် - အဲသလိုအဖြစ် ဇာတ်လမ်းလေးကို ကြည့်တဲ့အခါ ဘုရင့်အနီးမှာ အကြံပေးတဲ့ ပုရောဟိတ် ပုဏ္ဏားတွေက ဘာပြောတုန်း။ "အေး၊ မိဖုရားကြီး မွေးလာတဲ့ကလေးဟာ ဘုရင့်ရဲ့ရန်သူတော်၊ ဘုရင်ကို သတ်မယ့်သူ ဖြစ်လိမ့်မယ်။ မမွေးခင်ကတည်းက ရန်သူ" လက်ရုံးသွေးကို ဖောက်သောက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ "မမွေးခင်က" ဆိုတာ "**အဇာတ**"၊ "ရန်သူ" ဆိုတာ

http://www.ammadownload.comdh



"**သတ္တု**" မမွေးခင်က ရန်သူဖြစ်နေသူလို့ နာမည်ကို "**အဇာတသတ္တု**" လို့ ခေါ်တာ။

အေး၊ ဗေဒင်ဟောထားတဲ့အတိုင်းပဲ အသက်အရွယ် ရောက်လာတဲ့အခါကျတော့ ဘုရင်ကြီးကို နန်းကချပြီး ထောင်သွင်းအကျဉ်းချတယ်။ နောက်ဆုံး အားလုံးကြားဖူးထားတဲ့ ဇာတ်လမ်းပဲ။ ခြေဖဝါး ဓားနဲ့ခွဲ ဆားသိပ် မီးကင် ဘုရင်ကြီးသေရတာပဲလေ။ အဖေ သတ်တဲ့ကံကို သူကျူးလွန်လိုက်တာ။

အဇာတသတ်ဟာ တကယ်တော့ လူညံ့မဟုတ်ဘူး။ သူ့ရဲ့ဘဝကို ဘာနဲ့စတာတုန်း၊ တိဟိတ်ပဋိသန္ဓေ အလွန်ထက်မြက်တဲ့ အသိဉာဏ်နဲ့ စ,ထားတာ။ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ။ သို့သော် "**ပိတုဃာတက**" ကံကြီးကို ကျူးလွန်လိုက်တာ ပြင်လို့မရတဲ့ အမှားကြီး တစ်ခုပေါ့။ သူ့အဖေသတ်ပြီးကတည်းက အိပ်စက်ဖို့ မေ့လိုက်တာနဲ့ တစ်ပြိုင်နက် သူ့ကိုဝိုင်းပြီးတော့ လှံတွေနဲ့ ထိုးနေသလို ခံစားရပြီးတော့ လန့်လန့်နိုးလာတယ်။ အဲဒီ ဘုရင်ကြီးရဲ့ ခံစားချက်က အဲသလိုဖြစ်လာ

http://www.ammadownload.comdh



တယ်။ စိတ်ဖိစီးမှုဒဏ်ကို ခံနေရတယ်။ အဖေသတ်ပြီးတဲ့ နောက်မှာ သူက စိတ်တွေ ဂယောင်ခြောက်ခြား ဖြစ်နေတယ်။ အိပ်လို့မရဘူး။

အဲဒါကြောင့်မို့ သူ အိပ်ရမှာ သိပ်ငြီးငွေ့တယ်။ အမြဲတမ်း သူ့နားမှာ မှူးမတ်အခြံအရံတွေနဲ့ ဒီလိုနေတာ။ တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့။ လ, ကလည်း အင်မတန်သာတာ။ ကြယ်တွေကလည်းစုံ။ နန်းရင်ပြင် နန်းတော်ရဲ့ လသာဆောင်ကြီးမှာ မှူးမတ်အပေါင်းခြံရံပြီးတော့ အဲဒီမှာ ထိုင်နေတာ။ ဘာလို့ ထိုင်နေတုန်းဆို အိပ်ရမှာ သူကြောက်တယ်။ အိပ်ယာဝင်ရမှာ ကြောက်တယ်။

မြတ်စွာဘုရားထံ သွားချင်တယ်။ မသွားရဲဘူး။ ဘာလို့မသွားရဲလဲ၊ ဒေဝဒတ်ကို အားပေးအားမြှောက် လုပ်ပြီးတော့ ဘုရားကိုသတ်ဖို့ လေးသမားတွေ လွှတ်တာလည်း သူပါတယ်။ နာဠာဂီရိဆင်ကြီးကို အရက်တိုက်ပြီးတော့ လွှတ်တာလည်း သူပါနေတယ်။ နောက်က ဗိမ္ဗိသာရမင်းကြီးကတော့ သူကိုယ်တိုင်လုပ်တာ။

http://www.ammadownload.comdh



အဲတော့ ဘုရားနဲ့ပတ်သက်ပြီး သူက ပြစ်မှားမှုတွေ များနေတယ်။ ရန်သူလုပ်ထားတာဆိုတော့ ဘုရားထံ လည်း မသွားရဲဘူး။ သို့သော်လည်း သွားချင်တယ်။

အဲဒီနေ့ည "ဒီလိုသာယာတဲ့ ညကလေးမှာ သူတော်သူမြတ်တွေဆီ ဆည်းကပ်ရရင် ကောင်းမှာပဲ" လို့ ပြောတဲ့အခါမှာ အမတ်တွေဆိုတာ ဘာသာအမျိုး မျိုး ကိုးကွယ်ကြတာကိုး။ မက္ခလိဂေါသာလ ကိုးကွယ်တဲ့ အမတ်ကလည်း မက္ခလိဂေါသာလဆီသွားလို့ တိုက် တွန်းတယ်။ ပုရဏကဿပ ကိုးကွယ်တဲ့ အမတ်က လည်း ပုရဏကဿပဆီ သွားဆိုလို့။ ဒိဋ္ဌိဆရာကြီး ခြောက်ယောက်တွေကို ကိုးကွယ်တဲ့ အမတ်တွေက ဆိုင်ရာဆိုင်ရာ သူတို့ဆရာဆီသွားဖို့ ဘုရင်ကြီးကို ခေါ်ကြတယ်ပေါ့။ သူက အဲဒါတွေ စိတ်မဝင်စားဘူး။ သူစိတ်ဝင်စားတာက ဇီဝကကြီးက သူ့ရဲ့သရက်ဥယျာဉ် ထဲမှာ ကျောင်းဆောက်ပြီးတော့ ကိုးကွယ်ထားတဲ့ ဂေါတမဘုရားဆီသွားချင်တာ။ ဇီဝကကြီးက တုတ်တုတ် မှ မလှုပ်ဘူး။ သူဘာမှ မပြောဘူး။ မပြောတော့ ဘုရင်ကြီး

http://www.ammadownload.comdh



ကိုယ်တိုင်က "ဟေ့ သူငယ်ချင်း ဇီဝက၊ မင်းဘာဖြစ်လို့ ငြိမ်နေတာလဲ"

ဇီဝကနဲ့ ငယ်ငယ်တုန်းက ကစားဖက်နဲ့တူပါတယ်။ ဘာဖြစ်လို့တုန်းဆို **ဇီဝက** က သူ့ရဲ့နောင်တော်ဖြစ်တဲ့ "အဘယ" မင်းသားက မွေးစားထားတာကိုး။ မွေးစားထားတော့ နန်းတော်မှာ ကြီးပြင်းခဲ့တဲ့ ပုဂ္ဂိုလ်ပဲ။ "အဘယ" မင်းသား မွေးစားထားတဲ့ ဇီဝကကြီးကို "ဟေ့ သူငယ်ချင်း၊ မင်းဘာဖြစ်လို့လဲ၊ မင်းမှာ ကိုးကွယ်တဲ့ဆရာ မရှိဘူးလား။ မင်းဘာဖြစ်လို့ ငြိမ်နေတာတုန်း" ဆိုတော့ ဇီဝကကြီးက လျှောက်တယ်။ "အရှင်မင်းတရား၊ ကျွန်ုပ်ရဲ့ သရက်ဥယျာဉ်ထဲမှာ မြတ်စွာဘုရား သံဃာ(၂၅၀)နဲ့ သီတင်းသုံးနေပါတယ်။ အဲဒီကြွပြီး ဆည်းကပ်ပါ" တဲ့။ သွားချင်တာလည်း အဲဒီပဲလေ။ **ငိုချင်ရဲ့လက်တို့** ပေါ့။ ချက်ခြင်းပဲ ဇီဝကကြီးကို "ကဲ ဒါဆို မင်းသွားဖို့ ပြင်ဆင်ပေတော့" လို့ဆိုတယ်။

ဆင်မယဉ်သာ(၅၀၀)နဲ့၊ ညကြီးဆိုတော့ တိတ်တိတ် ဆိတ်ဆိတ် သွားချင်တယ်။ မြင်းနဲ့သွားရင် မြင်းခွာ

http://www.ammadownload.comdh



သံတွေ ဆူသွားလိမ့်မယ်။ အဲဒါကြောင့်မို့ ဆင်တွေ (၅၀၀)နဲ့ သွားတာ။ ဇီဝကကြီးက ချက်ချင်း ဆင်ထိန်းတွေခေါ်ပြီး ဆင်တွေ (၅၀၀) စီစဉ်ခိုင်းလိုက်တယ်။ ဆင် (၅၀၀)ပေါ်မှာ အမျိုးသမီးတွေကြီးပဲ ဘုရင်ရဲ့ ကိုယ်ရံတော်အဖြစ်တင်ပြီးတော့ ညတွင်းချင်း အဲဒီ ဇီဝကရဲ့ သရက်ဥယျာဉ်ကို ရောက်သွားတယ်။

ရောက်သွားပြီး ဟိုကျတော့ ဘုရားနဲ့တွေ့တဲ့ခါ စကားမပြောဝံ့ဘူး။ ရတ်တရက် သံဃာတွေက ငြိမ်နေကြတယ်။ ဘုရင်ရောက်လာကတည်းက တုတ်တုတ်မှ လှုပ်ကြည့်တဲ့သူ မရှိဘူး။ ငြိမ်နေကြတယ်။ အဲသလို ငြိမ်နေတာမြင်တော့ သူဘာသူသွားပြီး စိတ်ထဲပေါ်လာသလဲဆိုတော့ သူ့မှာ သားတော်လေးတစ်ပါး ထွန်းကားတာရှိတယ်။ "**ဥဒယဘဒ္ဒ**" တဲ့။ "အေး၊ ငါ့သားလေး **ဥဒယဆဒ္ဒ** ဒီသံဃာတွေ ငြိမ်သက်သလို ငြိမ်နေရင်၊ လိမ္မာယဉ်ကျေးရင် ဘယ်လောက်ကောင်းမလဲ" လို့ ရဟန်းတွေ ငြိမ်သက်တာကိုကြည့်ပြီး သားကို သတိရတယ်။

http://www.ammadownload.comdh



ဒီအချိန်မှာ မြတ်စွာဘုရားက သူ့စိတ်ကိုသိတော့ ဘာပြောလိုက်လဲ။ ဘုရားကစပြီး စကားပြောရတာ နော်။ ဘုရင်ကြီးက မပြောရဲဘူး။ မြတ်စွာဘုရားက "ဒကာတော် မင်းတရားကြီး၊ အချစ်ဆုံးပုဂ္ဂိုလ်ဆီ စိတ်ရောက်နေတာလား" လို့ မေးလိုက်တယ်။ အဲဒီကျတော့မှ သူအံ့ဩသွားတယ်။ "ဪ ငါက ဒေဝဒတ်ကို အားပေးပြီးတော့ ဘုရားကိုသတ်ဖို့ ကိစ္စတွေ ငါအစွမ်းကုန် အကူအညီပေးထားခဲ့တယ်။ ဘုရားက ငါ့အပေါ်မှာ ဘယ်လိုမှ အမုန်းမထားပါလား" လို့ စိတ်ထဲမှာ ကြည်နူးဝမ်းသာသွားပြီးတော့ "အရှင်ဘုရားတဲ့၊ သား ဥဒယဘဒ္ဒကို တပည့်တော်အင်မတန်မှချစ်ပါတယ်၊ ဒီသားလေးက ဟောဒီ သံဃာတော်တွေလို ငြိမ်သက်ရင်ကောင်းမှာပါ ဘုရား" လို့ လျှောက်တယ်။ စကားစလေး ရသွားတဲ့ အခါမှာ မြတ်စွာဘုရားကို သူကမေးတယ်။ "အရှင်ဘုရားတဲ့ လောကမှာ အတတ်ပညာရှင်တွေဟာ၊ ဆိုပါစို့-လေးသမားကလည်း ဘုရင့်ထံ အမှုတော်ထမ်းမယ် ဆိုလို့ရှိရင် လေးပညာကို အကြောင်းပြုပြီးတော့ သူ စားဝတ်

http://www.ammadownload.comdh



နေရေးပြည့်စုံတယ်။ ဆုတွေလာဘ်တွေ ရတယ်။ တခြား ပညာရှင်တွေကလည်းပဲ ထို့အတူပဲ၊ မိမိပညာကို အသုံး ချပြီးတော့ ဒီဘဝမှာပဲ စားဝတ်နေရေး ပြည့်စုံပြီးတော့ ဆုတွေ လာဘ်တွေ ရနိုင်တယ်။ ဒီဘဝတင်ပဲ အကျိုး တွေ ခံစားရမယ်။ အဲဒါလိုပဲ အရှင်ဘုရားတို့လို သင်္ကန်း ဝတ်တာကလည်း ဒီဘဝမှာပဲ ရနိုင်တဲ့အကျိုးရှိသလား။ လက်တွေ့ဘဝမှာ ခံစားရတဲ့ အကျိုးရှိသလား"

မြတ်စွာဘုရားက ရှင်းလင်း ဟောတယ်လေ။ "အရှင်မင်းကြီးရဲ့အခွန်ကို ထမ်းနေတဲ့ အခွန်ဝန်ထမ်း တစ်ယောက်ဟာ စဉ်းစားတယ်တဲ့၊ အဇာတသတ် မင်းကြီးလည်း လူပဲ၊ ငါလဲ လူပဲ။ အေး၊ သူ့ကျတော့ ချမ်းသာလိုက်တာ။ ငါ့ကျတော့ နေပူထဲမှာ အလုပ်လုပ် ရတယ်။ အဲတော့ သူကုသိုလ်ကံတွေရဲ့ အကျိုးကြောင့် ဒီလိုခံစားရတာ၊ ငါလဲပဲ ကုသိုလ်ကောင်းမှုတွေလုပ်မှ ဆိုပြီး လူ့ဘဝ လူ့လောကကြီးကို စွန့်ပြီးတော့ ရဟန်း ဝတ်မယ်။ အဲသလို ရဟန်းဝတ်သွားတဲ့အခါ အသင် မင်းကြီးက အမိန့်ထုတ်မလားတဲ့။ "ငါ့ကို အခွန်တွေ

http://www.ammadownload.comdh



ပေးဆပ်နေတဲ့ ဒီလယ်သမားတစ်ယောက် ဘယ်ရောက်သွားသလဲ" လို့ မေးတော့ "ရဟန်းဝတ်သွားပြီ" ဆိုရင် "အေး၊ ရဟန်းဘဝက ထွက်လာခဲ့၊ အရင်ကလိုပဲ အခွန်ဝန်ထမ်း လုပ်ရမယ်လို့ အရှင်မင်းကြီး ပြောမလား" "မပြောပါဘူး ဘုရား" တဲ့။ "ရဟန်းဖြစ်သွားရင် တပည့်တော်ကိုယ်တိုင်က လိုအပ်တဲ့ အကူအညီတွေ ပေးပြီးတော့ ပစ္စည်း(၄)ပါး ထောက်ပံ့လှူဒါန်းမှာပါ"လို့ ပြောတော့ မြတ်စွာဘုရားက "အဲဒါဆိုရင် ရဟန်းဘဝက လက်တွေ့အကျိုး မရဘူးလား။ ဒီတစ်ခုကြည့်တာနဲ့ပဲ လက်တွေ့အကျိုး မသိနိုင်ဘူးလား" တဲ့။

ဘုရင်ကြီးကို အဲသလိုစပြီး ရှင်းပြပြီး ဒါက သာမန်အကျိုးတရားပါ၊ ရဟန်းပြုသည့် အတွက်ကြောင့် လက်တွေ့ရတဲ့ အကျိုးတရားတွေက ဈာန်တရားတွေ မဂ်တရားတွေ ဖိုလ်တရားတွေ ဆိုတဲ့ အဆင့်မြင့်တဲ့ တရားတွေနဲ့ မြတ်စွာဘုရားက ရှင်းလင်းပြီးတော့ ဟောပြောတဲ့သုတ်ကို **သာမညဖလသုတ်** လို့ခေါ်တယ်။

http://www.ammadownload.comdh



ရဟန်းဘဝ ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေကို ဟောကြားတာ။

မြတ်စွာဘုရားရှင်းလင်းဟောကြားတဲ့ သာမညဖလသုတ်ကို ကြားနာရတဲ့အခါမှာ အဇာတသတ်မင်းကြီးဟာ သူလိုချင်တဲ့၊ နှစ်ပေါင်းများစွာက သိချင်နေတဲ့ အဖြေကို သိရသည့်အတွက်ကြောင့် အလွန်ဝမ်းမြောက်သွားတယ်၊ အလွန်ဝမ်းသာတယ်၊ ကျေနပ်တယ်။ အသိဉာဏ်တွေလည်း တဖွားဖွား ဖြစ်လာတယ်။ သို့သော် တရားထူးရလားလို့ဆိုတော့ မရဘူး။ ဘာဖြစ်လို့ မရလဲ။ အဖေသတ်တဲ့ ကံက တားဆီးထားလို့ မရတာတဲ့။

အဇာတသတ်မင်းကြီး ပြန်သွားတဲ့အခါ မြတ်စွာဘုရားက ရဟန်းတွေကို မိန့်တယ်။ ဒီ အဇာတသတ်မင်းကြီးက သူ့ကိုယ်သူ ဖျက်ဆီးလိုက်တာပဲတဲ့။ အကယ်၍သာ သူ အဖေကိုသတ်တဲ့ **ပိတုဃာတကကံ**ကို မကျူးလွန်ခဲ့ဘူး ဆိုလို့ရှိရင် ဒီကနေ့ သူ သောတာပန်ဖြစ်သွားပြီး **ဓမ္မစက္ခု** ကို ရရှိသွားမှာဖြစ်တယ်။ ကြည့်လေ

http://www.ammadownload.comdh



အဇ္ဈတ္တသတ်မင်းကြီးဟာ အခြေအနေကောင်းတွေ ရှိပေမယ့်လို့ အဲဒီ အခြေအနေကောင်းတွေကို ဆို့ပိတ် ဖျက်ဆီးပစ်လိုက်တဲ့ ကံဆိုးတစ်ခု မလုပ်သင့် မလုပ် ထိုက်တာ၊ ပြင်လို့မရတဲ့ အမှားတစ်ခုကို ပြုလုပ်မိသည့် အတွက်ကြောင့် အခြေအနေကောင်းဟာ ပျက်ဆီး ဆုံးရှုံးသွားရတယ်ပေါ့။

အဲဒါကိုပြောတာ၊ **ကမ္မာဝရဏ** ဆိုတာ ကိုယ်လုပ် ခဲ့တဲ့ကံဟာ ဆို့ပိတ်ပစ်လိုက်သည့်အတွက်ကြောင့် ဘယ် လိုပဲ တရားနာနာ၊ ဘယ်လိုပဲ တရားအားထုတ်ထုတ် ဒီဘဝမှာတော့ အခြေအနေ မပေးတော့ဘူးလို့နော်။ အဲဒီတော့ ဘုန်းကြီးတို့တစ်တွေမှာ ပြန်ကြည့်ပေါ့၊ တို့မှာ သန္တာနေခဲ့တာ ပဋိသန္ဓေက တိဟိတ်ပဋိသန္ဓေနဲ့ နေခဲ့ သလား၊ မနေခဲ့ဘူးလား။ ကိုယ့်ဘာကိုယ် ဆန်းစစ်ကြည့်၊ ဆန်းစစ်ကြည့်လို့ရှိရင် **အက္ခဏာသုတ်**အရ ပြောရမယ် ဆိုလို့ရှိရင် ပြောတဲ့စကားတစ်ခု အကောင်းပြောတာ လား အဆိုးပြောတာလား ကြာရှည်စွာမစဉ်းစားရဘဲနဲ့ လူတစ်ယောက်က ပြောတဲ့အခါမှာ အကောင်းပြောတာ

http://www.ammadownload.comdh



လား၊ အဆိုးပြောတာလားလို့ သိနိုင်စွမ်းရှိတယ် ဆိုလို့ ရှိရင် ဒါ တိဟိတ်ပဋိသန္ဓေပဲ။ တချို့ပုဂ္ဂိုလ်က အဲ သလောက်ကို သိနိုင်စွမ်းမရှိဘူး၊ ဘေးကလူက ပြောပေး ရတယ် "မင်းကို ဒါ မကောင်းတာတွေ ပြောနေတာ" အဲသလိုပြောမှ သူကသိတယ်။ အေး၊ တိဟိတ်ပဋိသန္ဓေ နေတဲ့ ပုဂ္ဂိုလ်ကျတော့ **သုဘာသိတ ဒုဗ္ဘာသိတ** အကောင်းပြောတယ်၊ အဆိုးပြောတယ်ဆိုတဲ့ စကားနဲ့ ပတ်သက်ပြီး ချက်ချင်းရှင်းရှင်းလင်းလင်း သိမြင်သွားနိုင် တယ်။ အဲလိုသိစွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ တိဟိတ်ပဋိသန္ဓေ နေတဲ့ ပုဂ္ဂိုလ်လို့ ဆုံးဖြတ်လို့ရပါတယ်။ သာမန်ကိစ္စလေး ကိုပဲ အတော်စဉ်းစားမှ သိတဲ့ပုဂ္ဂိုလ်ကျရင်တော့ ဒါ ဒွိဟိတ်ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်လို့ ပြောရမယ်။ ချက်ချင်း လက်ငင်း စကားပြောလို့ အဓိပ္ပာယ်ကို ရှင်းရှင်း လင်းလင်းကြီး နားလည်သွားတဲ့ပုဂ္ဂိုလ်ဟာ ဒါ တိဟိတ် ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်လို့ ပြောရမှာပဲ။

ကောင်းပြီ တိဟိတ်ပဋိသန္ဓေနေခဲ့ရင် ဘုန်းကြီးတို့ တစ်တွေဟာ **ဝိပါကာဝရဏ** လို့ဆိုတဲ့ သန္ဓေစိတ်ရဲ့

http://www.ammadownload.comdh



တားဆီးမှုကို မခံရလို့ တရားထူးတရားမြတ် ရနိုင်တယ်။ အေး၊ တရားထူးတရားမြတ် ရဖို့ရန်အတွက် အခြေအနေဆိုးတွေ မကျူးလွန်မိဖို့ လိုအပ်တယ်။ **ပဉ္စာနန္တရိယကံ** ကင်းရှင်းရမယ်။ **နိယတမိစ္ဆာဒိဋ္ဌိ** ဆိုတဲ့ အယူမှားလက်ခံထားတာ ကင်းရှင်းရမယ်။ ကောင်းပြီ အဲဒီနှစ်ခုကင်းရှင်းသွားပြီ ဆိုလို့ရှိရင် ကိုယ့်သန္တာန်မှာ အားဖြည့်ပေးရမှာတွေက ဘာတွေတုန်းဆို သဒ္ဓါစွမ်းအား၊ တရားထူးတရားမြတ်ကို ရလိုတဲ့ ဆန္ဒစွမ်းအား။ အဲဒီ သဒ္ဓါစွမ်းအား၊ ဆန္ဒစွမ်းအားပေါ်မှာ အခြေခံပြီးတော့ တရားဓမ္မကို သိလိုတဲ့ ဉာဏ်စွမ်းအားတွေ၊ တရားဓမ္မနဲ့ ပတ်သက်ပြီးတော့ သိလာအောင်ကြိုးစားတဲ့ ဉာဏ်စွမ်းအားတွေ ဒါတွေရှိဖို့လိုအပ်တယ်။

အဲဒါတွေနဲ့ပြည့်စုံလာပြီ ဆိုလို့ရှိရင်တော့ တရားထူးတရားမြတ် ရလာနိုင်ပါတယ်။ မြတ်စွာဘုရားက သူတော်ကောင်းတရားကို ကြားနာလို့ **သမ္မတ္တနိယာမ** ဆိုတဲ့ မဂ်တရားကို ရထိုက်တဲ့ ပုဂ္ဂိုလ်ဟာ အခုလို

http://www.ammadownload.comdh



အခြေအနေကောင်းတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဟောတယ်။

တရားနာရင် ရဖို့အတွက်ကျတော့ ဘာတွေလိုအပ်သလဲ ဆိုလို့ရှိရင် တရားထဲမှာ အာရုံစိုက်နာဖို့ လိုအပ်တယ်။ ပျံ့လွင့်တဲ့စိတ်နဲ့ တရားမနာပါနဲ့။ တရားထဲမှာ အာရုံစိုက်ပြီးတော့ တည်ငြိမ်နေတဲ့ သမာဓိစိတ်နဲ့ တရားနာပါ။ နာပြီဆိုတဲ့အခါမှာလည်းပဲ တရားပေါ်မှာ မှန်ကန်တဲ့အတွေး ဆိုတဲ့ **ယောနိသောမနသိကာရ** ရှိရပါမယ်။ အဲသလိုရှိပြီဆိုလို့ရှိရင် ဘုန်းကြီးတို့တစ်တွေဟာ တရားနာရင်းလဲတရားထူးရနိုင်ပါတယ်။ **သမ္မတ္တ–နိယာမ အင်္ဂုတ္တရနိကာယ်** မှာလာတဲ့ **သမ္မတ္တနိယာမ (၆)သုတ်** ကနေပြီးတော့ ဘုန်းကြီးတို့ အကျဉ်းချုပ်ကောက်နုတ်ပြီးတော့ ဟောထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်တို့သည် မိမိတို့ရဲ့ ဘဝအခြေအနေတွေကို မိမိတို့ကိုယ်တိုင် အသိဆုံးဖြစ်လို့ မိမိတို့ရဲ့ ဘဝအခြေအနေတွေကို မိမိတို့ကိုယ်တိုင် သုံးသပ်ပြီး သဒ္ဓါစွမ်းအားတွေ

http://www.ammadownload.comdh



မြင့်လာအောင်လုပ်ဖို့၊ ဆန္ဒစွမ်းအားတွေ မြင့်အောင်လုပ်ဖို့၊ ပညာစွမ်းအားတွေ ကြီးထွားလာအောင်လုပ်ဖို့ ဆိုတာ ဒို့တစ်တွေလုပ်ရမယ့် အလုပ်တွေပဲ။ သဒ္ဓါစွမ်းအားတွေ လျော့နည်းနေတယ်၊ ဆန္ဒစွမ်းအားတွေ လျော့နည်းနေတယ်၊ ပညာစွမ်းအားတွေ မလုံလောက်သေးဘူးဆိုရင် ဒီဘဝမှာ ဒို့ တရားထူးရမှာ မဟုတ်ဘူး။ တရားထူး ရချင်တဲ့ဆန္ဒ၊ တရားထူး ရလောက်အောင် မြင့်မားတဲ့ ပညာ၊ တရားထူး ရလောက်အောင် စွမ်းဆောင်ပေးနိုင်တဲ့ သဒ္ဓါစွမ်းအားတွေ ဒို့ သန္တာန်မှာ ရှိရမှာလို့ ကိုယ်စီ ကိုယ်စီ သတိထားပြီးတော့ မိမိတို့၏ ဘဝအခြေအနေကို မိမိတို့ကိုယ်တိုင် ဆင်ခြင်သုံးသပ်လို့ ဒို့တစ်တွေဟာ တရားထူးရနိုင်သူ ဟုတ်၊ မဟုတ် ကိုယ့်ဘာကိုယ် ဆုံးဖြတ်ပြီးတော့ ဗုဒ္ဓမြတ်စွာ သာသနာတော်နဲ့ ကြုံတွေ့နေရတဲ့ အချိန်မှာ ကြိုးစားအားထုတ်ဖို့ လိုအပ်တယ်ဆိုတာကို အားလုံးသတိထားပြီး ကြိုးစားအားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

http://www.ammadownload.comdh

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မေတ္တာစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မေတ္တာဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံမြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ မေတ္တာဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာမေတ္တာစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

http://www.ammadownload.comdh

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

http://www.ammadownload.comdh

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ပေါသူ့ နာသူ့ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

http://www.ammadownload.comdh

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓာသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသဋ္ဌဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

http://www.ammadownload.comdh

ပြ။ တရားထူးရနိုင်သူ